ခေါင်းစဉ်၊ **ဝိညာဉ်ရေးရာခရီးပြုခြင်း**

ရေးသားသူ၊ ***သိက္ခာတော်ရဆရာဒေါက်တာလထော်ဇော်ဆမ်***

ISBN: 978-1-927468-03-6

© ၂၀၀၉ သိက္ခာတော်ရဆရာ ဒေါက်တာလထော်ဇော်ဆမ်၏ မူပိုင်ဖြစ်သည်။

L.A.M.B.S ပုံနှိပ်ထုတ်ဝေရေး၊ မြန်မာ၏ ကြိုတင်၍ သဘောတူညီမှု မရှိဘဲ ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို အီလက်ထရောနစ်၊ ပုံနှိပ်စက်၊ မိတ္တူကူးခြင်း၊ အသံသွင်းခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြန်လည် ပုံနှိပ်ထုတ်ဝေခြင်း၊ ပြန်လည်ထုတ်ယူနိုင်သည့် စနစ်တစ်ခုအတွင်း သိမ်းဆည်းထားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်းကို မည်သည့်ပုံစံ၊ မည်သည့် နည်းလမ်းများဖြင့်မျှ ပြုလုပ်ခြင်း မပြုရန် ကြပ်တည်းစွာ တားမြစ်ပါသည်။ စာအုပ်၏ ရပိုင်ခွင့် အားလုံးကို မူပိုင်ပြုထားပါသည်။

**သတိပြုရန်မှာ**

အထူးတလည်ဖော်ပြထားခြင်း မရှိလျှင် သမ္မာကျမ်းအညွှန်း အားလုံးသည် ဆရာယုဒသန် အနက်ပြန်သော သမ္မာကျမ်းစာအုပ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်ပါသည်။

**ကန့်သတ်ထုတ်ဝေသည်။**

# မာတိကာ


| | စာမျက်နှာ |
|---|---|
| နိဒါန်း | ၅ |
| ၁၊ ပေါင်းသင်းဆက်ဆံမှု (မိတ်သဟာရဖွဲ့မှု) ကို ဖန်ဆင်းခြင်း | ၅ |
| ၂၊ မိတ်သဟာရဖွဲ့မှု သွေဖီခြင်း | ၈ |
| ၃၊ မိတ်သဟာရဖွဲ့မှု သတင်းကောင်း | ၁၃ |
| ၄၊ ပေါင်းသင်းဆက်ဆံ (မိတ်သဟာရဖွဲ့) မှု ပဋိညာဉ်တရား | ၂၃ |
| က။ အပြစ်ဝန်ချခြင်း | ၂၄ |
| ခ။ ဆက်ကပ်အပ်နှံခြင်း | ၂၇ |
| ၅၊ မိတ်သဟာရဖွဲ့မှုမှ ထူးဆန်းသော နိမိတ်လက္ခဏာ | ၂၉ |
| ၆၊ မိတ်သဟာရဖွဲ့မှု အာမခံချက် | ၃၂ |
| ၇၊ မိတ်သဟာရဖွဲ့မှု ထာဝရ | ၃၅ |
| နိဂုံး | ၃၇ |
| က။ ဘုရားသခင်နှင့် တိုက်ရိုက်မိတ်သဟာရပြု ဆုတောင်းခြင်း | ၃၈ |
| ခ။ လက်ကမ်းကြိုဆိုခြင်း | ၃၉ |
| ဂ။ တပည့်တော်၏ အသက်တာပုံစံ | ၃၉ |
| ဃ။ ပြန်လည်သုံးသပ်ရေးမှတ်ရန် | ၄၁ |


ဉယျောဇဉ်

# ဝိညာဉ်ရေးရာခရီးပြုခြင်း

## ၁။ ရည်ရွယ်ချက်

ဤစာအုပ်ငယ်ကို ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ခရစ်တော်၏ တပည့်တော်များ သူတို့၏ ယုံကြည်ခြင်းတွင် လျှောက်လှမ်းရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ အကယ်၍ ယေရှုခရစ်တော်အတွက် ကြီးပွားရင့်ကျက်လာရန် သူတို့ မျှော်လင့်သည်ဆိုပါက သူတို့သည် ယုံကြည်သူတစ်ဦး သိကျွမ်းနားလည်ရန် လိုအပ်သည့် ဘာသာရပ် အမျိုးမျိုးကို သင်ကြားလေ့လာသူ တန်ဆာပလာများ ဖြစ်လာရမည် ဖြစ်ပါ သည်။ ခရစ်တော်သည် တပည့်တော်များ၏ တာရှည်ခံသော သီးပွင့်မှုများမှ တဆင့် ကြည့်မြင်ရန် လိုလားတော်မူပါသည်။ ကျွန်ုပ်တို့၏ မျှော်လင့် ချက်မှာ ဤလက်ရာများကို သင်ဖတ်ရှုလေ့လာသည်နှင့်အမျှ ဤအရာများ က သင့်ကို ခရစ်တော်ယေရှု၏ ပို၍ ကောင်းသောအစေခံတစ်ဦး ဖြစ်လာ စေရန် ပြုလုပ်ပေးလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ ခရစ်တော်က လေ့ကျင့်သင်ကြားနိုင်သော အလုပ်သမားများကို ရှာဖွေနေပါသည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်အတွက် ကမ္ဘာလောကကြီးထဲသို့ ထွက်၍ အခြားသူများကို ထိတွေ့နိုင်မည် ဖြစ်ပါသည်။

## ၂။ ဘာသာပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဤစာအုပ်ထဲတွင် အင်္ဂလိပ်နှင့် မြန်မာဘာသာပြန်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ စာဖတ်သူအနေဖြင့် ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို =လုံးစေ့ပတ်စေ့+ ပြန်ဆိုခြင်း မဟုတ်ဘဲ အတွေးအခေါ်၊ အယူအဆကိုသာ ပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း ပြုထားသည်ကို နားလည်သဘော ပေါက်ထားရန် အရေးကြီးပါသည်။ ဤစာအုပ်ငယ်ကို ကျမ်းစာအုပ်နှင့် တွဲဖက်အသုံးပြုပြီး ဆုတောင်းခြင်းအားဖြင့် ဖတ်ရှုသူတစ်ဦးအတွက် ဤ ကမ္ဘာပေါ်တွင်

အသက်တာလမ်းတစ်ခုအတွက် သမ္မာတရားများကို ရှာဖွေ တွေ့ရှိပါလိမ့်မည်။

## ၃။ ကျေးဇူးတင်ရှိခြင်း

အားလုံးသိကြသည့်အတိုင်း လူတစ်ဦးတစ်ယောက်တည်းဖြင့် အလုပ် မပြီးနိုင်ပါ။ သို့ရာတွင် အတူတကွ လုပ်ဆောင်သော အဖွဲ့တစ်ဖွဲ့လိုပါ သည်။ ထို့ကြောင့် ဘုရားသခင် ဖွဲ့စည်းပေးလိုက်သော အောက်ပါအဖွဲ့ကို ကျွန်ုပ် အထူးကျေးဇူးတင်ရှိပါသည်။

| | | |
|---|---|---|
| ကြည်မောင်အေး | - | ဘာသာပြန် |
| မရန်နော်အောင် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| လဟီထုရှန် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| ဂွမ်လိန်လဝေါမ် | - | ကွန်ပြူတာနှင့်ပုံစံချခြင်း |
| ဘွမ်မြန်ခေါဝင်း | - | စာတည်းမှူး |

ဤစာအုပ်ငယ်များကို အချောဖတ်ပေးခြင်းနှင့် အဖိုးတန်သော အကြံဉာဏ်များ ပေးခြင်းတို့အတွက် အထူးကျေးဇူးတင်လို ပါသည်။ ကျွန်ုပ်တို့အဖွဲ့ အနေဖြင့် ဤစာအုပ်ငယ်လေးများသည် သင်တို့အတွက် အသင့်ဖြစ်စေရန် ကျွန်ုပ်တို့၏ နှလုံးသားများကို ထိတွေ့သကဲ့သို့ သင်တို့၏ နှလုံးသားများကို ထိတွေ့စေရန် ဆုတောင်းမေတ္တာပို့သ လိုက်ပါသည်။ ဘုရားရှင် ဘုန်းကြီးတော်မူပါစေသော။

ခရစ်တော်၏အမှုတော်မြတ်၌

***သိက္ခာတော်ရ ဆရာဒေါက်တာလထော်ဇော်ဆမ်***

# ဝိညာဉ်ရေးရာခရီးပြုခြင်း

## နိဒါန်း


ဤစာအုပ်ကို ဖတ်ရှုရန် အချိန်ပေးသည့်အတွက် ကျေးဇူးတင်ကြိုဆိုပါသည်။ ဤစာအုပ်ကို သင်ဖတ်ရှုနေစဉ် သစ်လွင်တန်ဖိုးရှိသော ထိုးထွင်းသိမြင်မှုကို သင်ယူဆောင်သွားလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဤစာအုပ်သည် ဤလောကတွင် ကျွန်ုပ်တို့၏ အသက်ရှင်တည်ရှိမှုအတွက် အလွန်တရာ အရေးပါသော စကားလုံးတစ်လုံးဖြစ်သော ==ပေါင်းသင်းဆက်ဆံရေး (မိတ်သဟာရ)++ ဟူသော စကားတစ်လုံးပေါ်တွင် အပြည့်အဝ အာရုံပြုထားပါသည်။ ပေါင်းသင်းဆက်ဆံရေး ကို ==ဆက်သွယ်နေမှုအခြေအနေ++ ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ သံတူကြောင်းကွဲ စကားလုံးများမှာ ==ဆက်နွယ်မှု၊ အသင်းအဖွဲ့၊ ဆက်စပ်မှု၊ မိတ်ဖက်၊ သံယောဇဉ်၊ အပြန်အလှန် ဆက်သွယ်မှု++ ယင်းမှာ ကျွန်ုပ်တို့အားလုံး လိုလားပြီး မျှော်လင့်သော အရာ ဖြစ်ပါသည်။ အခြားသူများနှင့် ခိုင်ကျဉ်သော မိတ်ဖက်မှုပြုရန်အတွက် အဓိကကျသော အခြေခံစည်းမျဉ်း အချို့ကို ကျွန်ုပ်တို့ လိုက်လျှောက်ရန် လိုပါသည်။ ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့မှု ထူထောင်ရာတွင်လည်း အထက်ပါနည်းလမ်းကို အသုံးချရန် လိုပါသည်။ ဘုရားရှင်သည် သူ၏ စိတ်နှလုံး အကြွင်းမဲ့ ကျွန်ုပ်တို့အား မိတ်သဟာရပြုရန် အလိုတော်ရှိပြီး ဤအတိုင်း ဖြစ်နိုင်ရန် မည်ကဲ့သို့ လုပ်ဆောင် ရမည်ကို ကျွန်ုပ်တို့ လေ့လာသင်ကြားရန် လိုပါသည်။ အောက်တွင်ပါရှိသော အဆင့် များသည် သင်ကိုယ်တိုင်နှင့် အခြားသူများ၊ ကြီးကျယ် မြင့်မြတ်သော ဘုရားသခင် နှင့်ကိုယ်တိုင် မိတ်ဖွဲ့မှုကိုပြုရန် တံခါးကို ဖွင့်ပေးပါလိမ့်မည်။

## ပေါင်းသင်းဆက်ဆံမှု(မိတ်သဟာရဖွဲ့မှု)ကို ဖန်ဆင်းခြင်း

ပထမပုံတွင် လူတို့ကို ဖန်ဆင်းပြီးချိန်တွင် လူတို့ ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ရေး မည်သို့မည်ပုံ ရှိသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရမည် ဖြစ်ပါသည်။

# ဝိညာဉ်ရေးရာခရီးပြုခြင်း

တြိဂံပုံသည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ဘုရားရှင်ကို ကိုယ်စားပြုပါသည်။ ကိုယ်တော်သည် လူကို မိမိပုံသဏ္ဌာန်နှင့်အညီ မြတ်နိုးစွာ ပုံသွင်းခဲ့ပါသည်။ တြိဂံသည် ဘုရားသခင့်နှလုံးသား သုံးပိုင်းဖြစ်သော ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပုံဆောင်ပြသပါသည်။ ဘုရားတစ်ပါးတည်းသာ လူအား မတူညီသော နည်းလမ်းသုံးသွယ်ဖြင့် လည်ပတ်လုပ်ဆောင် နိုင်ပြီး အုပ်စိုးနိုင်ပါသည်။




ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းခဲ့စဉ်အချိန်က သူ၏ စိတ်ထဲတွင် ကမ္ဘာလောကကြီးကို မိတ်ဿဟာရဖွဲ့မှု၏ ကတိတော်ပေါ်တွင် တည်ဆောက်ရန်ဟူသော အတွေးအခေါ် ရှိခဲ့ပါသည်။ ဖန်ဆင်းခံအရာအားလုံးသည် ကိုယ်တော်၏ ဘုန်းအာနုဘော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်မှု၏ ပုံသက်သေဖြစ်ရန် အလိုတော်ရှိခဲ့ပြီး တစ်ဦးနှင့်တစ်ဦး လိုက်လျော ညီထွေမှုနှင့် စည်းလုံး ညီညွတ်မှုတို့ကို စံနမူနာ ပြစေလိုခဲ့ပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို မိတ်ဿဟာရဖွဲ့မှုအတွက် ဖန်ဆင်းတော်မူခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရပါသည်။

ခြောက်ရက်ကုန်ဆုံးပြီး နောက်ဆုံးနေ့၌ သူ၏ နောက်ဆုံးလုပ်ဆောင်ချက် =မိတ်ဿဟာရဖွဲ့မှု ဖန်ဆင်းခြင်း+ မှာ လူသားကိုပင်ဖြစ်ပါသည်။ ဘုရားရှင်က ==ငါတို့၏ ပုံသဏ္ဌာန်နှင့်အညီ တသဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့++ ဟု မိန့်တော်မူပါသည် (ကမ္ဘာ ၁း၂၆)။ အချိန်အတန်ငယ်ကြာသောအခါ လူသည် အထီးကျန်ဆန် နေကြောင်း ကိုယ်တော်တွေ့မြင်ခဲ့ပြီး သူနှင့် တစ်မျိုးတစ်စား

# ဝိညာဉ်ရေးရာခရီးပြုခြင်း

တည်းနှင့် မိတ်သဟာရ ဖွဲ့စေရန်လည်း အလိုတော်ရှိခဲ့ပါသည်။ ထို့ကြောင့် လူယောက်ျားအထဲမှ လူမိန်းမကို ဖန်ဆင်းခဲ့ပါသည်။ နှစ်ဦးစလုံးသည် တစ်ဦးကို တစ်ဦး မစ၊ အားပေး၊ ထောက်မခဲ့ ကြပြီး ဘုရားသခင်နှင့် ထူးခြားသီးသန့်ဖြစ်သော မိတ်သဟာရဖွဲ့မှု ရှိခဲ့ပါသည်။

ဤပေါင်းသင်းဆက်ဆံမှု (မိတ်သဟာရဖွဲ့မှု) သည် ယုံကြည်ကိုးစားမှုနှင့် နာခံမှုအပေါ်တွင် တည်ဆောက်ခဲ့ပါသည်။ လူယောက်ျားနှင့် လူမိန်းမတို့တွင် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိကြပြီး ယင်းလွတ်လပ်မှုက ဖန်ဆင်းရှင်နှင့် သူတို့ မည်သို့ လျှောက် လှမ်းရမည်ကို ရွေးချယ်ခွင့် ပြုထားပါသည်။ ယင်းမိတ်သဟာရဖွဲ့မှုသည် အခြေခံစည်းမျဉ်း အချို့ပေါ်တွင် တည်တန့်နေရမည် ဖြစ်ပါသည်။ ပထမဦးဆုံးအနေ ဖြင့် မိတ်သဟာရဖွဲ့ခြင်းသည် စစ်မှန်၍ ခင်တွယ်ဖွယ်ရာဖြစ်ရန် လိုအပ်ပါသည်။ ထို့ပြင် လူတိုင်းတွင် ရည်ရွယ်ချက် ကိုယ်စီရှိကြမည်မှန်သော်လည်း အခြားသူများနှင့် အချိန်မရွေး ဆက်သွယ်နိုင်ရမည်ဖြစ်ပါသည်။ လူသည် မိမိတစ်ကိုယ်တည်း ဖြစ်တည် နေရန် ဖန်ဆင်းခဲ့ခြင်း မဟုတ်ပါ။ သူ၏အသက်တာကို ပြီးပြည့်စုံစေရန် အခြားသူ များကို လိုအပ်ပါသည်။

ဤလမ်းသုံးသွယ် မိတ်သဟာရဖွဲ့မှု (ဘုရားသခင်၊ လူယောက်ျားနှင့် လူမိန်းမ) ၏ သော့ချက်မှာ ဆက်သွယ်မှုပင်ဖြစ်ပါသည်။ ပုံတွင်ပါသော မျဉ်းကြောင်း များသည် လူယောက်ျားနှင့် လူမိန်းမတို့သည် အချင်းချင်း ဆက်သွယ်နိုင်ကြောင်း ပုံဆောင်ပြသပြီး တစ်ဦးချင်းသော်လည်းကောင်း၊ နှစ်ကိုယ့်တစ်စိတ် ပူးပေါင်း၍သော် လည်းကောင်း ဘုရားရှင်နှင့် တိုက်ရိုက်ဆက်သွယ်ရန် မျဉ်းတစ်ကြောင်းလည်း ရှိပါ သည်။ မိတ်သဟာရဖွဲ့မှုသည် လူယောက်ျားနှင့် လူမိန်းမတို့ သူတို့၏ ဖန်ဆင်းရှင် နှင့် ဆက်သွယ်ရန် အသက်ကယ်ကြိုးဖြစ်ပြီး အခြားသူများအား ကျွန်ုပ်တို့၏ စိုးရိမ်ပူပန်သော အရာများကို ဖော်ပြရန် လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဆက်သွယ်မှုပြုလေလေ တစ်ယောက်ကိုတစ်ယောက် ကျွန်ုပ်တို့၏ လိုအပ်ချက်များနှင့် အလိုဆန္ဒများကို ဖော်ပြလေဖြစ်ပါသည်။

# ဝိညာဉ်ရေးရာခရီးပြုခြင်း

အဆုံးအနေဖြင့် ပုံထဲရှိ စက်ဝိုင်းသည် ပြီးပြည့်စုံမှုကို ပုံဆောင်ပါသည်။ အစ သို့မဟုတ် အဆုံးမရှိ ကြောင်းကို ပုံဆောင်ပါသည်။ ယင်းစက်ဝိုင်းတွင် အခြားသော အစိတ်အပိုင်းများလည်း ပါဝင်ပါသည်။ ထိုအရာများကို အတူတကွ စုစည်းထားပါသည်။ စက်ဝိုင်းက လူသည် ဘုရားရှင် ဖန်ဆင်းသမျှသော အရာများအားလုံးကို အုပ်စိုး၊ ထိန်းသိမ်းစောင့်ရှောက်ရန်ကိုလည်း ပုံဆောင်ပါသည်။

အရာခပ်သိမ်းတွင် မိတ်ဖွဲ့မှုသည် လူကို ဘုရားရှင်နှင့် မိတ်သဟာရရှိရန် အခြေခံအဖြစ် ဖွဲ့စည်းထားရှိပါသည်။ သူသည် ကိုယ်ကာယ၊ စိတ်ဓါတ်နှင့် ဝိညာဉ်ရေးရာများ အားလုံးအတွက် ဘုရားရှင်နှင့် အလုံးစုံ ဆက်သွယ်ရမည် ဖြစ်ပါသည်။ မိတ်သဟာရဖွဲ့မှုများအားဖြင့်သာ သူသည် ပြီးပြည့်စုံပြီး သူ၏ ဖန်ဆင်းရှင်၊ ဘုရားသခင်နှင့် တသားတည်းကျရမည် ဖြစ်ပါသည်။ ဘုရားရှင်သည် လူယောကျ်ားနှင့် လူမိန်းမတို့ကို သူနှင့် မိတ်သဟာရဖွဲ့ခြင်းဖြင့်သာ ထူးခြားမှုနှင့် လုံခြုံမှုကိုပေးပါသည်။ လူတို့၏ တကိုယ်ရေ လိုအပ်ချက်များကို ဘုရားရှင်အားဖြင့်သာ လုံးဝဥဿုံ ပြီးပြည့်စုံစေနိုင်မည် ဖြစ်ပါသည်။ လူတို့ အချင်းချင်းနှင့် လူနှင့် ဘုရားသခင်တို့ အကြား ကျစ်လစ်သိပ်သည်းသော မိတ်သဟာရဖွဲ့မှု တစ်ခုအတွင်း၌ သူတို့သည် လျှောက်လှမ်း၊ လုပ်ဆောင်၊ ပြောဆိုနိုင်ကြမည် ဖြစ်ပါသည်။ သို့ရာတွင် ထူးခြား သော မိတ်ဖွဲ့မှုနှင့် ပျော်ရွှင်မှုတို့မှာ အခိုက်အတန့်သာ ဖြစ်ရမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မိတ်သဟာရဖွဲ့မှုသည် ဘုရားသခင့်အကြံတော်၏ ဗဟို ချက်မ၌ ရှိနေပြီး ကျွန်ုပ်တို့ နှလုံးသား၏ဗဟိုတွင် ရှိနေရန်မှာလည်း ဘုရားရှင်၏ မျှော်လင့်ချက်ဖြစ်ပါသည်။


## မိတ်သဟာရဖွဲ့မှု သွေဖီခြင်း

ဒုတိယပုံက နားမထောင်ခြင်း၏ဆိုးကျိုးအဖြစ် ဘုရားသခင်နှင့် လူတို့အကြား အပြစ်အားဖြင့် အုတ်တံတိုင်းတစ်ခုဖြစ်တည်ခဲ့ပုံကို ပြသပါသည်။ အပြစ်

သည် ဘုရားရှင်နှင့် ရင်းနှီးသော ကိုယ်တိုင်မိတ်သဟာရဖွဲ့မှု ရှိနေခြင်းမှ လူကို ခွဲ ထုတ်လိုက်ပါသည်။

### ဘာဖြစ်သွားခဲ့ပါသနည်း။

စာတန်သည် မြွေယောင်ဆောင်၍ ဧဝထံ လာခဲ့ပါသည်။ သူ၏ ရည်မှန်းချက်မှာ ဘုရားရှင်နှင့် လူယောကျ်ား၊ လူမိန်းမတို့၏ မိတ်သဟာရဖွဲ့မှုကို ဖြတ်တောက်ပစ်ရန် ဖြစ်ပါသည်။ စာတန်သည် ကောက်ကျစ်သောစကားများဖြင့် ဧဝကို လှည့်ဖျားခြင်းနှင့် လိမ်လည်ခြင်းလမ်းကြောင်းပေါ် လျှောက်လှမ်းစေခဲ့ပါသည်။ နောက်ဆုံး၌ သူမနှင့် အာဒံတို့၏ ဘုရားရှင်နှင့် မိတ်သဟာရဖွဲ့မှုကို သွေဖီစေခဲ့ပါသည်။ နာခံမှု မရှိခြင်း၏ အပြစ်က သူတို့အား ဘုရားရှင်နှင့် ဝေးကွာစေခဲ့ပါသည်။




စာတန်သည် ဧဝ၏ အတွေးအပေါ် မတူညီသော နေရာ သုံးနေရာတွင် ဆွဲဆောင်ခဲ့ပါသည်။ ပထမဆွဲဆောင်သည့်နေရာမှာ သူမ၏ ခန္ဓာကိုယ် (စား၍ကောင်း သည်) ဖြစ်ပါသည်။ ဒုတိယ မှာ စိတ် (ဉာဏ်ပညာနှင့် အသိပညာရှိလာရန်) ဖြစ်ပြီး နောက်ဆုံး သူမ၏ ဝိညာဉ် (ဘုရားကဲ့သို့ဖြစ်လာရန်) ဖြစ်ပါသည်။ ထို့နောက် အာဒံထံသို့ သွားခဲ့ပြီး (အာဒံသည်ပို၍ သိဖို့ကောင်းပါသည်) သူသည် အသီးကို စားခဲ့ကာ ထိုအပြု အမူအတွက် ဧဝကို အပြစ်ဖို့ခဲ့ပါသည်။ ဤမနာခံမှုသည် လူသား မျိုးနွယ်အားလုံး ခံစားရမည့် ကျိန်စာတစ်ခုကို ဖြစ်ပေါ်စေခဲ့ပါသည်။

# ဝိညာဉ်ရေးရာခရီးပြုခြင်း

စိတ်ဝင်စားဖွယ်ရာ ကောင်းသည်မှာ နှစ်ပေါင်းထောင်ချီကြာပြီးနောက် စာတန်သည် ဤနည်းလမ်းကိုပင် သခင်ခရစ်တော်အပေါ် ကျင့်သုံးရန် ကြိုးစားခဲ့ခြင်းဖြစ်ပါသည်။ ယေရှုသည် ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းပြုရန် ခမည်းတော်၏ တောသို့ ပို့ဆောင်ခြင်းကို နာခံခဲ့ပါသည် (မဿဲ ၄း၁-၁၁)။ တဖန် စာတန်သည် ချည်းကပ်၍ ခရစ်တော်အား ခန္ဓာကိုယ်ဆိုင်ရာ အစာ၊ ဂုဏ်စည်းစိမ်နှင့် ဝင့်ဝါခြင်းတို့နှင့်အတူ လောကကြီးကို အုပ်စိုးခွင့်တို့အား ကမ်းလှမ်းခဲ့ပါသည်။ ခရစ်တော်သည် ကမ်းလှမ်းချက် သုံးခုလုံးအား ဘုရားရှင်၏ စကားတော်များဖြင့် ခါးခါးသည်းသည်း ငြင်းဆိုခဲ့ပါသည်။ စာတန်သည် ဤနည်းလမ်းကို နာခံမည့်သူများ အပေါ် ဆက်လက်အသုံးပြုနေပြီး သူပေးပိုင်ခွင့်နှင့် တည်ပိုင်ခွင့် မရှိသော ကတိများ ကို ပြုနေဆဲ ဖြစ်ပါသည်။ သမ္မာကျမ်းစာတော်မြတ် ဖေါ်ပြသကဲ့သို့ သူသည် ဟောက် သောခြင်္သေ့ တစ်ကောင်အလား သူဝါးမျိုနိုင်မည့်သူများကို ရှာဖွေနေပါသည်။

ဘုရားရှင်သည် လူသားအားလုံးကို =လွတ်လပ်သောရွေးချယ်ပိုင်ခွင့်+ ကို ပေးအပ်ခဲ့ပြီး ထိုနည်းတူ အာဒံနှင့်ဧဝတို့အား လိုက်လျှောက်ရမည့် စည်းမျဉ်းတို့အား ပေးအပ်ခဲ့ပါသည်။ လွတ်လပ်သောရွေးချယ်ပိုင်ခွင့်ဆိုသည်မှာ မိမိတို့၏ ကိုယ်ပိုင် လမ်းကြောင်းကို မိမိဘာသာ ရွေးချယ်နိုင်ပါသည်။ လူယောကျ်ားနှင့် လူမိန်းမတို့၏ လုပ်ဆောင်ခဲ့မှု နောက်ဆက်တွဲအဖြစ် သူတို့အပြစ်မပြုမီက မသိခဲ့သောအရာများကို သိမြင်လာစေခဲ့ပါသည်။ ယင်းသည် သူတို့၏ မိသားစုနှင့် သားနှစ်ယောက်အပေါ် ဆိုးကျိုးဖြစ်စေခဲ့ပြီး သားတို့သည် ခိုက်ရန်ဖြစ်ပွားခဲ့ကာ တစ်ယောက်က တစ်ယောက် ကို သတ်ဖြတ်ခဲ့ပါသည်။ ဤရက်စက်မှုကြီး ဖြစ်ပေါ်ခဲ့ရသည့်အချိန်မှာ အပြစ်က သူတို့ကို ဘုရားရှင်နှင့် မိသဟာရဖြစ်မှုကို ပြန့်လွင့်စေခဲ့စဉ်အခါက ဖြစ်ပါသည်။ ယင်းဖြစ်ရပ်က လူတို့၏ ကိုယ်တွင်း၌ ပေါက်ပွါးနိုင်သော အပြစ်သဘာဝတစ်ရပ်ကို နာခံလိုက်လျှောက်သော လူသားများအဖြစ်သို့ သက်ဆင်းစေကာ လူသားတို့ထံ သေခြင်းနှင့် ပျက်စီးခြင်းကို ယူဆောင်လာပါသည်။ သမ္မာကျမ်းစာတော်မြတ်က *ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တယောက်သော သူအားဖြင့် ဤလောကသို့ဝင်၍*

# ဝိညာဉ်ရေးရာခရီးပြုခြင်း

*အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူ အပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏. . . တယောက် သောသူ၏ ပြစ်မှားခြင်းအားဖြင့် လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရကြသည်နည်းတူ. . .* (ရောမ ၅း၁၂၊ ၁၈)။

ဘုရားသခင်၌ အပြစ်တရားနှင့် ထာဝရအသက်သည် ပေါင်းစည်း၍ မရနိုင် သဖြင့် အာဒံနှင့် ဧဝကို ဥယျာဉ်အတွင်းမှ နှင်ထုတ်ခဲ့ရပါသည်။ ဤတံတိုင်းသစ်က လူတို့အား အပြစ်ကြောင့် နှလုံးသား၌ လစ်ဟာကျန်ရစ်မှုကို ကြိုးစားဖြည့်ဆီးရန် မိမိကိုယ်မိမိနှင့် အခြားအရာများအား ကြည့်ရှုရမှုကို ဖြစ်ပေါ်စေပါသည်။

လူယောက်ျား၊ လူမိန်းမတို့သည် တစ်ဦးကိုတစ်ဦး ဆက်သွယ်နိုင်ဆဲဖြစ်သော် လည်း ဘုရားရှင်နှင့်ကိုယ်တိုင် မိတ်သဟာရပြုမှုမှာ ယခုအခါ ကျိုးပျက်နေပြီ ဖြစ်ပါ သည်။ အပြစ်သည် လူယောက်ျား၊ လူမိန်းမတို့အပေါ် ကျိန်စာတစ်ခုကိုလည်း ယူ ဆောင်လာပါသည်။ လူမိန်းမအတွက် မီးဖွါးရာတွင် ဝေဒနာ ခံစားရပါသည်။ လူ ယောက်ျားသည် မိမိ၏ မိသားစုအတွက် အစားအစာနှင့် အဝတ်အထည်ရရန် မြေကြီးကို တူးဆွရပြီး ပင်ပန်းတကြီး အလုပ်လုပ်ရန် ကျိန်ဆိုခြင်း ခံရပါသည်။

အပြစ်တံတိုင်းကြီးသည် အထက်တွင် ဖေါ်ပြထားသည်မျှမက ဖြစ်လာပါ သည်။ အပြစ်၏ သဘာဝနှင့် အလိုဆန္ဒတို့က လူတို့အား ဘုရားဗဟိုပြုရမည့်အစား လူဗဟိုပြု ဖြစ်လာစေပါသည်။ ဤအပြစ်မျိုးစေ့သည် ဆိုးကျိုးအမျိုးမျိုးကို ဖြစ်ပေါ်စေ ပါသည်။ *ဇာတိပကတိ အကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား သူ့မယားကို ပြစ်မှားခြင်း၊ မတရားသော မေထုန်၌ မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်ထုကိုကိုးကွယ်ခြင်း၊ သူတပါးကို ပြုစားခြင်း၊ ရန်ငြိုး ဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်း ကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သော*

*အကျင့်ပေတည်း။ ထိုသို့သော အကျင့်ကို ကျင့်သောသူတို့သည်၊ ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြဟု အထက်က ငါပြောနှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏* (ဂလာ၊ ၅း၁၉-၂၁)။ ဤအရာများသည် နာမခံခြင်းကြောင့် ဖြစ်ပေါ်လာသော အသွေး အသားတို့၏ အပြစ်များ၏စာရင်း အတိုချုပ်မျှသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ သေချာစွာ ဂရုမပြု ပါက အထက်ပါအရာများထဲမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အရာများကို ပြုမိရန် အလားအလာများစွာ ရှိပါသည်။

အပြစ်အားဖြင့် ကွဲလွင့်ခြင်းနှင့် သေခြင်းတရားတို့သည် ဘုရားရှင်၏ ဖန်ဆင်းခြင်းထဲသို့ ဝင်ရောက်လာပါသည်။ ယင်းသည် မျိုးဆက်တစ်ခုမှ အခြား မျိုးဆက်တစ်ခုသို့ ဆက်လက် လက်ဆင့်ကမ်း သယ်ဆောင်လာပါသည်။ လူတွင် ပုန်ကန်လိုမှုနှင့် ယုတ်ညံ့သော သဘောရှိပြီး ဘုရားရှင်နှင့် တတန်းတစားတည်း ဖြစ်လိုသော ဆန္ဒရှိပါသည်။ ကျွန်ုပ်တို့ လူလောကထဲသို့ ရောက်ရှိသည်နှင့် တပြိုင်နက် ပြစ်မှားခြင်းနှင့် အပြစ်အတွင်း ဝင်ရောက်သွားကြပါသည်။ ထိုတစ်ချိန် တည်းမှာပင် ဘုရားရှင်နှင့် မိတ်သဟာရဖွဲ့မှုတစ်ရပ် လိုအပ်ချိန် ရောက်လာပါ သည်။ ထိုမိတ်သဟာရဖွဲ့မှုသည် ကျွန်ုပ်တို့ ဘုရားရှင်၏ ကယ်တင်ခြင်း အကြံ အစည်တော်ကို လက်ခံခြင်း မရှိပါက ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါ။ အပြစ်သား ဖြစ်သော ကျွန်ုပ်တို့သည် သန့်ရှင်းသော ဘုရားရှင်နှင့် မိတ်သဟာရပြုရန် မဖြစ်နိုင် ပါ။ ယင်းသည် ကျွန်ုပ်တို့ ဝန်းကျင်ရှိ မိတ်ဖွဲ့မှုကို ထိခိုက်စေပါသည်။ အဘယ် ကြောင့်နည်း။ အကြောင်းမှာ ကျွန်ုပ်တို့သည် ဖြေလွှတ်ရန်လိုသော ထာဝရ ဝိညာဉ်ရေးဆိုင်ရာ ချုပ်နှောင်မှုပုံစံ တစ်ရပ်အတွင်း ရှိနေသောကြောင့် ဖြစ်ပါသည်။ အမှန်တကယ်ဆိုရလျှင် ကျွန်ုပ်တို့၏ နှလုံးသားမှာ သေဆုံးနေပါသည်။

**ကံအားလျော်စွာ။**

ဤပုံသည် ဤနေရာတွင် ရပ်သွားရန် မလိုအပ်ပါ။ ဘုရားရှင်သည် ကျွန်ုပ်တို့အား မျှော်လင့်ခြင်းကင်းမဲ့သည့် အဖြစ်မျိုးတွင် ထားရစ်ရန်ဆန္ဒ မရှိခဲ့ပါ။ ကျွန်ုပ်တို့အား အပြစ်နှင့်သေခြင်း ကျိန်စာထဲမှ ကယ်နှုတ်ရန် ထူးခြားပြောင်မြောက်

သည့် အကြံတော်တစ်ရပ် ရှိပါသည်။ အကြံအစည်တော်သည် ပြတ်တောက်နေသော မိတ်သဟာရဖွဲ့မှုကို ပြန်လည်ထူထောင်ရန် နည်းလမ်းတစ်ရပ်ကို ဖေါ်ဆောင်ပေးပါ သည်။

နောက်ပုံသည် ကြားနာကြမည့်သူအပေါင်းနှင့် လိုက်နာလုပ်ဆောင်ကြမည့်သူ အပေါင်းတို့အား တစ်စုံတစ်ရာသော သတင်းကောင်းကို ဆောင်ကြဉ်းပေးပါသည်။

**မိတ်သဟာရဖွဲ့မှုသတင်းကောင်း**

တတိယအပိုင်းမှာ လူသားအားလုံးအတွက် ==သတင်းကောင်း++ ရောက်ရှိလာ ခြင်းအကြောင်း ဖြစ်ပါသည်။ လူသည် ကြိုးစားသော်လည်း ဘုရားရှင်သူ့ကိုပေး သော ဥပဒေသများကို ထိန်းသိမ်းရန် မတတ်နိုင်ခဲ့ပါ။ လူတို့အား ကယ်နှုတ်ရန် ဘုရားရှင် ရွေးချယ်ခဲ့သောနည်းလမ်းမှာ ကြီးထွားလာမည့် သူငယ်တစ်ဦးအားဖြင့်ဖြစ် ပြီး ထိုသူသည် သူ၏အသက်ကို လူအားလုံးအတွက် ပေးဆပ်ခဲ့ပါသည်။




အကောင်းပကတိဖြစ်စေရန် ဖေါ်ဆောင်ပေးမည့် ဘုရားရှင်၏ အကြံတော်သည် ဖန်ဆင်းခြင်း အစမှာပင် မွေးဖွါးခဲ့ပါသည်။ ဘုရားရှင်၏ အချိန်တော် ပြီးပြည့်စုံချိန်တွင် အကောင်အထည် ဖေါ်ဆောင်ခဲ့ပါသည်။ ထိုအကြံတော်သည် **သူ**၏ တစ်ပါးတည်းသော သားတော်ကို ဤမြေပေါ်သို့ စေလွှတ်ခဲ့ပြီး

=ဇမောန္ဒေလ+ သို့မဟုတ် =ငါတို့ နှင့်အတူ ရှိသောဘုရား+ ဟူသော အမည်ကို ခံယူခဲ့ပါသည်။ သခင်ယေရှု၏ မွေးဖွါးခြင်းသည် ဓမ္မဟောင်းကျမ်း၏ ပရောဖက်ပြုမှုများကို ပြည့်စုံစေရန် ပုံစံပြု ဖန်တီးခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ကမ္ဘာကြီးကို ဘုရားရှင်နှင့် ကိုယ်တိုင် မိတ်သဟာရဖွဲ့နိုင်မည့် အခွင့်အရေးကို ဖေါ်ဆောင်ပေးရန်နှင့် **သူ**၏ ရှေ့တော် မှောက်တွင် တဖန် ပြန်လည်လျှောက်လှမ်း အသက်ရှင်နိုင်ရန် ဖြစ်ပါသည်။

ယေရှုခရစ်တော်၏ အသက်တာကို သမ္မာကျမ်းစာတော်မြတ်၏ ခရစ်ဝင်ကျမ်းများထဲတွင် မှတ်တမ်းတင်ထားပါသည်။ ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာနှင့် ရှင်ယောဟန် ခရစ်ဝင်ကျမ်းများသည် ပေးတော်မူခဲ့သော လက်ဆောင်မွန်အကြောင်း သက်သေခံ ရေးသားထားပါသည်။ ဓမ္မသစ်ကျမ်းစာမှ ယင်းခရစ်ဝင်ကျမ်း လေးကျမ်း သည် (=သတင်းကောင်း+ ဟု လူသိများ ထင်ရှားသည်။) သခင်ယေရှုသည် မည်သူ မည်ဝါဖြစ်ကြောင်း၊ **သူ**၏ စရိုက်နှင့် **သူ့**အသက်တာ၏ ရည်မှန်းချက် စသည့် ထူးခြားပြောင်မြောက်သည့် ပုံကို ချယ်သထားပါသည်။

အံ့ဩဖွယ် ဂရုဏာတော်ကို မိမိ၏အမှန်တရားအပေါ် မှီခိုအားထားနေမှုကို ဖယ်ရှား၍ ဘုရားသခင်၏ အလိုတော်အတိုင်း လူ၏နှလုံးသားထဲသို့ ဘုရားရှင်၏ သမ္မာတရားကို ထည့်သွင်းပေးခဲ့ပါသည်။ ကျွန်ုပ်တို့အား ပြည့်စုံ၍ အတု မရှိသော ရည်မှန်းချက်နှင့် တန်ဘိုးရှိသော လမ်းခရီး၊ သမ္မာတရားနှင့် အသက်ကိုပေးရန် ဖြစ် ပါသည်။

ခရစ်ဝင်ကျမ်းက လူသားအားလုံး၏ ဦးတည်ရာလမ်းကြောင်းကို ပြောင်းလဲ ပေးမည့် ခရစ်တော်၏ အသက်တာတွင် ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက် (၈) ခုကို ဖေါ်ပြပါ သည်။

**၁။ မွေးဖွါးခြင်း**

# ဝိညာဉ်ရေးရာခရီးပြုခြင်း

သတင်းကောင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အပျိုကညာဝမ်း၌ လွယ်စေခြင်းဖြင့် ဘုရားရှင်က **သူ**၏ သားတော်ကို စေလွှတ်ခြင်းမှ စတင်ပါသည်။ ကိုယ်တော်သည် ဗက်လင်မြို့၌ ဖွါးမြင်ခြင်းကို ခံတော်မူခဲ့ပြီး သိုးထိန်းတို့အား ကောင်းကင်တမန်တစ်စုဖြင့် ကြားပြောခဲ့ပါသည်။ ထို့နောက်တွင် ပညာရှိများ ရောက်လာပြီး ကိုယ်တော့်ကို လက်ဆောင် ပဏ္ဏာများ ဆက်သခဲ့ကြပါသည်။ ထိုဖွါးတော်မူချိန်မှာပင် ရန်သူများက ကိုယ်တော့်အား ဖျက်ဆီးပစ်ရန် ရှာကြံနေခဲ့ကြပါသည်။

## ၂။ အသက်တာ

ယေရှုသည် **သူ**၏ ပထမ အသက်သုံးဆယ်ကို ဂါလိလဲပြည်ရှိ လက်သမားတစ်ဦး၏ သားအဖြစ် နေထိုင်ခဲ့ပါသည်။ အချိန်စေ့ရောက်သည်နှင့် **သူ**သည် အိမ်မှထွက်ခွါခဲ့၍ ရှင်ယောဟန်အားဖြင့် ရေနှစ်ခြင်းမင်္ဂလာကို ခံယူခဲ့ပါသည်။ ယင်းသည် ဘုရားသခင်၏နိုင်ငံတော်ကို ကြေညာခြင်းတည်းဟူသော **သူ**၏ လောကီသာသနာ့လုပ်ငန်းကို စတင်လိုက်ခဲ့ခြင်းဖြစ်ပြီး ကျွန်ုပ်တို့သည် အပြစ်နှင့် ပြည့်ဝနေသော လူသားများအဖြစ်ဖြင့် ဘုရားရှင်နှင့် မည်ကဲ့သို့ ကိုယ်တိုင် မိတ်သဟာရဖွဲ့နိုင်ကြောင်း ပုံဖေါ်ပြသခဲ့ပါသည်။ **သူ**သည် **သူ့** အချိန် အခါက ရှိနေသော ဘာသာရေးနည်းလမ်းများကို စိန်ခေါ်ခဲ့ပြီး **သူ**သည် လောက၏ အလင်းဖြစ်ကြောင်း ကြွေးကြော်ခဲ့ပါသည်။ **သူ**က အဖဘုရားတွင် လူတို့ကို မည်ကဲ့သို့ ကယ်တင်ရန် အကြံတော်တစ်ရပ်နှင့် ဂရုဏာတော်ရှိကြောင်း ပြောကြားခဲ့ပြီး **သူ**၏ အသက်တာကို သွန်းလောင်းသော အသွေးတော်အဖြစ် သွန်ချခဲ့ပါသည်။

ကိုယ်တော်ပြခဲ့သည့် အားလုံးသော အံ့ဩဘွယ်နိမိတ်လက္ခဏာများကြောင့် **သူ့**ကို ဘုရင်တင်မြှောက်ရန် လူတို့က လိုလားခဲ့ကြပါသည်။ ခရစ်တော်က ထိုလိုလားချက်ကို ခွင့်မပြုခဲ့ပါ။ **သူ**၏ အသက်တာသည် အစေခံကျွန်တစ်ယောက် ကို ပုံဆောင်ပြသခဲ့ပါသည်။ ကျွန်ုပ်တို့၏ အသက်တာများသည် ဆက်ကပ်ခြင်း တစ်ရပ် ဖြစ်ရန်လိုအပ်ပြီး

ကိုယ်တော့်အား အရှင်သခင်အဖြစ် ဆည်းကပ်ရန် လိုအပ်ပါသည်။

## ၃။ အသက်တာကုန်ဆုံးခြင်း

ရန်သူသည် ခရစ်တော်ကို ဖျက်ဆီးပစ်ရန် အစဉ်တစိုက် ရှာကြံခဲ့ပါသည်။ ယေရှုသည် ရိုက်နှက်ခြင်းခံ၍ ကားတိုင်ပေါ်တွင် ရာဇဝတ်သားတစ်ဦးကဲ့သို့ ချိတ်ဆွဲခြင်း ခံရချိန်၌ သူအောင်မြင်သည်ဟု ထင်မြင်ရပါသည်။ ယေရှုသည် အသွေးတော်ကို သွန်း၍ ကောင်းကင်ဘုံတွင်ရှိသော အဖဘုရားသခင်၏ လက်တော်ထဲသို့ **သူ**၏ နောက်ဆုံး ထွက်သက်ကို ပေးအပ်လိုက်ပါသည်။ သုံးရက်တိုင် **သူ**သည် မြေတွင်းထဲတွင် ရှိနေခဲ့ပြီး အသက်ရှင်ခြင်းနှင့် သေခြင်း ၏သော့ (ဒေင်ဉယျာဉ်ထဲတွင် ဖယ်ရှားခံရသော) ကို စာတန်ထံမှ ပြန်လည်ရယူခဲ့ပါသည်။

## ၄။ ရှင်ပြန်ထမြောက်ခြင်း

အကယ်၍ ခရစ်တော်သည် သင်္ချိုင်းအတွင်း၌သာ ထာဝစဉ် လဲလျောင်းနေမည်ဆိုလျှင် အခြားသာမန်လူသားများနှင့် ဘာမျှ ခြားနားတော့မည် မဟုတ်ပါ။ တတိယမြောက်နေ့တွင် သေခြင်းတရားသည် **သူ့**အား ချုပ်ကိုင်ထားခြင်း မပြုနိုင်တော့ပါ။ ဘုရားရှင်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်သည် ယခုအခါ **သူ**၏ ကိုယ်ခန္ဓာအား ဖြည့်တင်းပေးလျက်ရှိပြီး **သူ**သည် သေခြင်းမှ ထမြောက် ခဲ့ပါသည်။ သေခြင်းမာန်ကို အောင်မြင်ခဲ့ပါသည်။ ယေရှုသည် အပြစ်နှင့် သေခြင်း၏ နှောင်ကြိုးများကို အပြီးအပိုင် ဖြတ်တောက်လိုက်ပြီး ဘုရားနှင့် လူသားတို့အကြား ဆက်သွယ်မှုကို ပြန်လည်တည်ဆောက်ခဲ့ပါသည်။ မိတ်သဟာရဖွဲ့မှုသည် ပြင်ပ မဟုတ်တော့ဘဲ အတွင်းဖက်ဖြစ်လာပါသည်။ **သူ**သည် ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့် အခြားသူများအား ပြောင်းလဲခဲ့ သော အရာများကို သက်သေဖြစ်စေခြင်းငှာ ကိုယ်တိုင်ထင်ရှား ပြသခဲ့ပါသည်။

## ၅။ ကောင်းကင်ဘုံသို့တက်ကြွခြင်း

ခရစ်တော်သည် ရှင်ပြန်ထမြောက်ခဲ့ရုံသာမက သူသည် ကျွန်ုပ်တို့အတွက် နေရာ ပြင်ဆင်ရန် ကောင်းကင်ဘုံသို့တက်ကြွသွားပြီး ကျွန်ုပ်တို့ကိုယ်စား အဖဘုရား ထံ၌ ခယတောင်းပန်နေပါသည်။ ပေါင်းသင်းဆက်ဆံ (မိတ်သဟာရဖွဲ့) မှုသည် အဆင့်တိုင်း၌ ပြန်လည်တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

## ၆။ သန့်ရှင်းသောဝိညာဉ်တော်

နောက်တစ်ခုမှာ ပင်တေကုတ္တေပွဲနေ့တွင် သခင်ခရစ်တော်က တမန်တော်များ အား ပေးခဲ့သည့် =ဥပဇ္ဈာယ်ဆရာအား စေလွှတ်မည်ဟူသော ကတိတော်+ ပြည့်စုံခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုယ်တိုင် ထင်ရှားရှိခြင်းသည် ယုံကြည်သူ တိုင်း၏ နှလုံးသားထဲသို့ ယခု ဝင်ရောက်လာပါသည်။ ဤအပြစ်နှင့် ပြည့်ဝသော ကမ္ဘာလောကကြီး၏ အဖုအထစ်များနှင့် ခြေကုပ်စခန်းများကို ကျော်လွှားနိုင်ရန် ဘုရားသခင် ပေးသနားတော်မူသော တန်ခိုးတော်သည် ယခုအခါ လူသားတို့၏ နှလုံးသားထဲတွင် ကိန်းဝပ်နေပြီ ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဆရာနှင့် နှစ်သိမ့်ခြင်းပေးသူ ဖြစ်လာပြီး ကျွန်ုပ်တို့အား မည်သည့် အခါမျှ စွန့်ခွါခြင်း၊ မေ့လျော့ခြင်း မရှိပါ။ ကျွန်ုပ်တို့၏ အသက်တာထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်ရှိနေခြင်းကြောင့် ကျွန်ုပ်တို့တွင် ကြွယ်ဝသော အသက်တာ ရှိလာနိုင်ခဲ့ပါသည်။

## ၇။ အသင်းတော်

ပင်တေကုတ္တေပွဲနေ့တွင် သခင်ခရစ်တော်က သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးကို စေလွှတ်ခဲ့ပါသည်။ ထိုတန်ခိုးအားဖြင့် အသင်းတော် မွေးဖွါးသန့်စင် လာခဲ့ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား **သူ**နှင့် ကိုယ်တိုင် ထိတွေ့ မိတ်သဟာရဖွဲ့ကြရန် လိုလားသည်သာမက အခြားယုံကြည်သူများနှင့်

ထိတွေ့ မိတ်သဟာရဖွဲ့မှုများကို ပြုလုပ်စေလိုပါသည်။ အသင်းတော်သည် ဦးခေါင်း ဖြစ်သော **သူ**၏ ကိုယ်ခန္ဓာအစိတ်အပိုင်း ဖြစ်ရမည်ဖြစ်ပြီး ပျောက်ဆုံးနေသော ဤလောကအတွင်း သက်သေခံတစ်ခုအဖြစ် စီးဆင်းနေရပါမည်။ သခင်ခရစ် တော်အား မိမိတို့၏ အသက်တာကိုပေးရန် ဆန္ဒရှိသူတိုင်းအတွက် အလင်းဖြစ် ရပါမည်။ ဖြတ်သန်းသွားလာသော ဘုရားဖူးများအတွက် နားခိုရာနှင့် လုံခြုံ စိတ်ချရာနေရာ ဖြစ်ရပါမည်။

သခင်ယေရှုသည် **သူ**၏ ခန္ဓာကိုယ်အား စည်းလုံးညီညွတ်ခြင်းနှင့် လိုက်လျော ညီထွေဖြစ်မှုတို့တွင် အားဖြည့်ပေးပါမည်။ အမျိုးမျိုး၊ အစားစားသော သာသနာ့ လုပ်ငန်းနှင့် ဝန်ထမ်းခြင်းများအတွက် သူတို့ကို ပြင်ဆင်ပေးပါလိမ့်မည်။ ခန္ဓာကိုယ်၏ အသက်သွေးသည် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပြီး ယင်းကို အသင်းတော်သည် ခန္ဓာကိုယ်အဖြစ်ဖြင့်လည်းကောင်း၊ လူတို့သည် တစ်ဦးခြင်း အဖြစ်ဖြင့်လည်းကောင်း ပြသခဲ့သော ဝိညာဉ်တော် အသီးအပွင့်များအားဖြင့် သက်သေပြုခဲ့ပါသည်။

အသင်းတော်သည် နားခိုရာနှင့် ငြိမ်းချမ်းရာနေရာ ဖြစ်ရပါမည်။ ပြန်လည် ပြင်ဆင်ရန် နေရာ၊ တည်ဆောက်ရန်၊ သင်ကြားရန်နှင့် ဝန်ဆောင်မှုအတွက် ပြင်ဆင်ရန်နေရာ ဖြစ်ရပါမည်။ ကျွန်ုပ်တို့ အထီးကျန်ဆန်သည်၊ စွန့်ပစ်ခံရ သည်ဟု ခံစားရရန် အကြောင်း မရှိပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် ယခုအခါ ကမ္ဘာ့မိသားစု၏ အစိတ်အပိုင်းဖြစ်နေပြီ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘုရား ရှင်နှင့်အတူ လျှောက်သွားစဉ် ကျွန်ုပ်တို့အား ကူညီစောင့်ရှောက်နိုင်မည့် ညီအစ်ကို၊ မောင်နှမများ ရှိနေပါပြီ။

## ၈။ ဒုတိယအကြိမ်ကြွချီလာခြင်း

ယေရှုက ကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံမည့်နေ့တွင် **သူ**၏ တပည့်တော်များ အား ကိုယ်တော် ကောင်းကင်ဘုံသို့ တက်ကြွတော်မူခြင်းကို


# ဝိညာဉ်ရေးရာခရီးပြုခြင်း

သူတို့ ယခုမြင်ရ သကဲ့သို့ သူ၏ လူများအား ကိုယ်တိုင်လက်ခံယူရန် တစ်ဖန်ပြန်လည် ကြွလာ မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ကျွန်ုပ်တို့သည် ယခုအခါ **သူ**၏ သား သမီးများဖြစ်ကြပြီး **သူ**နှင့်အတူ အမွေခံကြပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ ၏ ဘုရင်ဖြစ်ပြီး ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်၊ ချစ်ခြင်း မေတ္တာနှင့် ကရုဏာတော်ကို လက်ခံမည့်သူအားလုံးကို ကြေညာသော **သူ**၏ တမန်များ ဖြစ်ကြပါသည်။

သခင်ခရစ်တော် ကျွန်ုပ်တို့အတွက် လုပ်ခဲ့သော အရာတို့သည် လူသား အားလုံးအတွက် အမှန်တကယ် =သတင်းကောင်း+ ဖြစ်ပါသည်။ ယင်းကို လက်ဆောင် တစ်ရပ်အဖြစ် လက်ခံမည့်သူ အပေါင်းတို့အတွက် ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော် တို့၏ နှလုံးသားဆက်သွယ်မှု တစ်ရပ်ကို ပုံဖော်ပြသခဲ့ပါသည် (နှောင်ကြိုးမဲ့ ဖြစ် ပါသည်)။ ခရစ်ဝင်ကျမ်းများထဲမှ ကျွန်ုပ်တို့ခရီးဆက်ရန် တံခါးနှစ်ပေါက် ထွက်ပေါ် လာပါသည်။ တစ်ခုမှာ ပြန်လည်ပျိုးထောင်ခြင်းဖြစ်ပြီး အခြားတစ်ခုမှာ မိတ်သဟာရ ဖြစ်ပါသည်။

ဘုရားရှင်သည် လူနှင့် မိတ်သဟာရဖွဲ့မှုကို ပြန်လည်ထူထောင်ရန် အလို တော်ရှိပြီး အပြစ်၏ဒဏ်မှ လွတ်မြောက်မည့် နည်းလမ်းတစ်ရပ်ကို ဖန်ဆင်းခဲ့ပါ သည်။ ယင်းသည် ကယ်တင်ရှင်တစ်ပါးထံမှ တဆင့်လာရန် လိုအပ်ပါသည်။ ဘုရား ရှင်၏ ပြီးပြည့်စုံသော အကြံတော်မှာ တစ်ပါးတည်းသော သားတော် ယေရှု ခရစ်တော်ကိုပေး၍ ကျွန်ုပ်တို့ကိုယ်စား ဝင်ရောက်လုပ်ဆောင်စေရန် ဖြစ်ပါသည်။ ခရစ်တော်သည် အပြစ်ကင်းစင်ပြီး ကျွန်ုပ်တို့အကြားတွင်နေထိုင်ရန် လူ့ဇာတိကို ခံယူ၍ လာခဲ့ပါသည်။ **သူ**၏ အပြစ်ကင်းသော အသွေးတော်ကို ကျွန်ုပ်တို့အပြစ်၏ အဖိုးအခအတွက် သွန်းလောင်းခဲ့ပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ မပေးနိုင် သော အကြွေးကို ဆပ်ခဲ့ပါသည်။

# ဝိညာဉ်ရေးရာခရီးပြုခြင်း





သခင်ယေရှုအားဖြင့် လူတို့သည် ဤအပြစ်၏ အသက်တာ၊ အထီးကျန်မှုနှင့် လစ်ဟာမှုတို့မှ လွတ်မြောက်မည့် နည်းလမ်းတစ်ရပ်ကို ရရှိခဲ့ပြီး သူ့အား ထူးခြားသော အသက်တာ၊ လုံခြုံမှုနှင့် တန်ဖိုးရှိသောဘဝကို ပြန်လည်ပေးအပ်လိုက်ပါသည်။ ကျွန်ုပ်တို့အား *ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍ ဖြောင့်မတ်ခြင်း အရာ၌ အသက်ရှင်စေမည့်အကြောင်း၊ ငါတို့ အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ၊ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက် ရှိကြ၏* ဟု ပြောခဲ့ပါသည် (၁ပေ၊ ၂း၂၄)။

နဂိုမူလအရာ၌ ပြန်လည်ထားရှိခံရခြင်းသည် သခင်ခရစ်တော်အား လမ်းခရီး၊ သမ္မာတရားနှင့် အသက်အဖြစ် ယုံကြည်ခြင်းမှတဆင့် ရရှိပါသည်။ ဘုရားရှင်၏ ရှေ့တော်မှောက်နှင့် ကိုယ်တော်၏ နိုင်ငံတော်သို့ ရောက်ရှိရန် အခြားနည်းလမ်းသို့မဟုတ် ဆက်သွယ်မှုလမ်းကြောင်း မရှိပါ။ ဘုရားရှင်သည် မှန်သောအသက်တာနှင့် လွတ်လပ်ခြင်း ရှိရာနေရာသို့ တံတားတစ်ခုကို ယခုတည်ဆောက်နိုင်ခဲ့ပါပြီ။ ကားတိုင်ပေါ်၌ သခင်ခရစ်တော်၏ အသေခံခြင်းသည် ထိုတံတား ဖြစ်လာပါသည်။ လူအားလုံး ထာဝရအသက်ရရှိရန် ဖြတ်ကိုဖြတ်ရမည့် တစ်ခုတည်းသော တံတားဖြစ် ပါသည်။ သခင်ယေရှု၏ အပူဇော်ခံခြင်းက ကျွန်ုပ်တို့အား အခြားသော ယုံကြည်သူ မိသားစုများနှင့် ပေါင်းစပ်ဆက်သွယ်ပေးပြီး **သူ**နှင့်အတူ အမွေခံရကြပါသည်။

# ဝိညာဉ်ရေးရာခရီးပြုခြင်း

ကျွန်ုပ်တို့သည် ပေါင်းသင်းဆက်ဆံ (မိတ်သဟာရဖွဲ့) မှု ဖန်ဆင်းခြင်း၊ သေ့ဖီခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းတို့ကို တွေ့မြင်ပြီးနောက် ဤပုံ၏ တစ်စိတ်တစ်ပိုင်းကို ဖော်ပြခဲ့ပါသည်။ ဘုရားရှင်၏ သန့်ရှင်းသော မျက်မှောက်တော်သို့ ရောက်ရှိရန် လူများအား တားဆီးထားသော တံခါးသည် ယခုအခါ ပွင့်သွားပြီး ခရစ် တော်ကို ယုံကြည်သောသူတိုင်း ဝင်နိုင်ကြပါသည်။

ဓမ္မဟောင်းခေတ်ကာလက လူသည် ဘုရားရှင်ထံတော်သို့ ကိုယ်စားလှယ်တစ်ဦးမှတဆင့်သာလျှင် လာရောက်နိုင်ပါသည်။ ထိုကိုယ်စားလှယ်မှာ အသန့်ရှင်းဆုံး ဌာနတော် (ဘုရားသခင် ကျိန်းဝပ်တော်မူရာနေရာ) သို့ ဘုရားသခင်နှင့် စကားပြောရန်နှင့် လူတို့အတွက် အပြစ်ဖြေလွှတ်ပေးရန် တစ်နှစ်လျှင် တစ်ကြိမ်ဝင်ရန် ရွေးချယ်၍ ပြင်ဆင်ထားသော ယဇ်ပရောဟိတ်မင်း ဖြစ်ပါသည်။ သန့်ရှင်းရာ ဌာနတော်သို့ ယဇ်ပရောဟိတ် ဝင်ရန်အတွက် ယဇ်ပလ္လင်ပေါ်တွင် တိရစ္ဆာန်တစ် ကောင်၏ အသွေးကို ပူဇော်ရန် လိုအပ်ပါသည်။ *ဒုတိယတဲတော်အတွင်းသို့ ယဇ်ပရောဟိတ်မင်း တစ်ပါးတည်းသာ မိမိအပြစ်ကြောင့်၄င်း၊ လူများ အပြစ်ကြောင့် ၄င်း၊ ပူဇော်သော အသွေးကိုဆောင်၍ တစ်နှစ်လျှင် တစ်ခါတည်းသာ ဝင်ရ၏* (ဟေဗြဲ၊ ၉း၇)။




အပြစ်ဖြေလွှတ်ခြင်းဟူသော စကား၏ အဓိပ္ပာယ်မှာ ==*ပြန်လည်ပေါင်းစည်းခြင်း သို့မဟုတ် ကျေးဇူးတော်၏ သန့်ရှင်းသောလုပ်ဆောင်မှု*++ ဟူ၍ ဖြစ်ပါသည်။ ရောမသြဝါဒစာက ရွေးနှုတ်ခြင်းပုံကို ရေးဆွဲထားပါသည်။ *ယေရှုခရစ်ကို*

*ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်သောသူ အပေါင်းတို့အဘို့ဖြစ်၍၊ ထိုသူအပေါင်းတို့ အပေါ်သို့ ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်း အလျှင်း မရှိ၊ အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။ ယေရှုခရစ် ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကို မပေးဘဲ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရသို့ ရောက်ရကြ၏။ ဘုရားသခင်သည် သည်းခံတော်မူ၍ လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော် မမူရာတွင် ဖြောင့်မတ်ခြင်း တရားတော်ကို ထင်ရှား စေခြင်းငှာ၄င်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေ၍ ယေရှုကို ယုံကြည်သော သူတို့၏ အပြစ်ကို လွှတ်တော်မူသော်လည်း တရားသဖြင့် ပြုတော်မူ ခြင်းငှာ၄င်း၊ ယေရှုခရစ်၏ အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့် ထိုခရစ်တော်ကို အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ ခန့်ထားတော်မူပြီ* (ရောမ၊ ၃း၂၂-၂၆)။

ရှင်ယောဟန်က *ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကိုမပြုစေခြင်းငှာ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။ တစုံတယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့ အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။ ထိုသခင်သည် ငါတို့၏ အပြစ်မက လောကီသားအပေါင်းတို့ အပြစ်ဖြေစရာအကြောင်း ဖြစ်တော်မူ၏* (၁ယော၊ ၂း၁-၂)။

ခရစ်တော်၏ သွန်းတော်မူသော အသွေးတော်သည် လူသားတို့အတွက် အပြစ်ကင်းစင်သော ယဇ်နှင့် လက်ဆောင်အဖြစ်သာမက ဘုရားသခင်နှင့် လူတို့ အကြားရှိ တန်ဖိုးကို ပေးချေလိုက်ပါသည်။ ဖြောင့်မတ်ခြင်းကို မိမိကိုယ်မိမိ ခရစ်တော်၏ ပြည့်စုံသောအလုပ်ဖြင့် လွှမ်းခြုံခြင်းဖြင့် ဆွတ်ခူးနိုင်ပါသည်။ သခင် ခရစ်တော်သေဆုံးချိန်တွင် ဗိမာန်တော်ကုလားကာသည် အထက်မှ အောက်သို့ နှစ်ပိုင်း ကွဲသွားခဲ့ပါသည် (မဿဲ ၂၇း၅၁၊ မာကု ၁၅း၃၈၊ လုကာ ၂၃း၄၅)။ ယင်းသည် လူသားတို့ ဘုရားသခင်၏ မျက်မှောက်တော်သို့ လာရောက်ရန်

ရွေးချယ် နိုင်ကြောင်းကို ပုံဆောင်ပြသခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားရှင်နှင့် ယဇ်ပရောဟိတ် တစ်ပါးမှတဆင့် စကားပြောရန် မလိုအပ်တော့ဘဲ ယခုအခါ ဘုရားရှင်နှင့် ကိုယ်တိုင် ကိုယ်ကျ မိတ်သဟာရ ဖွဲ့နိုင်ပြီဖြစ်ပါသည်။

မိတ်သဟာရဖွဲ့ခြင်းသည် မည်ကဲ့သို့ ဘုရားသခင့်နှလုံးသား၌ ဗဟိုချက်ပြုနေရပါ သနည်းဆိုသည့်အကြောင်း သမ္မာကျမ်းစာတော်မြတ်က မည်သို့ဖေါ်ပြသည်ကို နားထောင်ကြည့်ကြပါစို့။

*ထိုကြောင့် ညီအစ်ကိုတို့ ယေရှု၏ ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာအားဖြင့် ထိုသခင် ပြင်ဆင်တော်မူသော* ***အသက်လမ်းသစ်****တွင် ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတား မရှိ ဝင်ရသော အခွင့် ရှိသဖြင့်၎င်း၊ ဘုရားသခင်၏ အိမ်တော်ကို အုပ်စိုးသော ယဇ်ပရောဟိတ်မင်း ရှိသဖြင့်၎င်း၊ ငါတို့သည် သစ္စာနှင့်ပြည့်စုံသော သဘောရှိ၍ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌တည်လျက် စိတ်နှလုံးကို သံဝေဂတရားလွတ်အောင်ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သော ရေဖြင့် ဆေးကြောခြင်း ရှိပြီးမှ အထံတော်သို့ တိုးဝင်ချည်းကပ်ကြကုန်အံ့။ မြော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းယိမ်း၊ မရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့၊ အကြောင်းမူကား ဂတိထားတော်မူသော သူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ ထိုမှတပါး မေတ္တာ စိတ်ရှိစေခြင်းငှာ၎င်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှာ၎င်း၊ တိုက်တွန်း နှိုးဆော်ရသော အခွင့်ကိုရှာ၍ အချင်းချင်း တယောက်ကိုတယောက် ထောက်စာကြည့်ရှုကြကုန်အံ့* (ဟေဗြဲ၊ ၁၀း၁၉-၂၄)။

**ပေါင်းသင်းဆက်ဆံ(မိတ်သဟာရ)ဖွဲ့မှုပဋိညာဉ်တရား**

ဤအပိုင်းတွင် မိတ်သဟာရဖွဲ့မှု ပဋိညာဉ်တရား တည်ဆောက်ပုံကို သရုပ် ဖေါ်သည့် သရုပ်ဖေါ်ပုံ နှစ်ခုအဖြစ် ခွဲခြားလိုက်ပါမည်။

# ဝိညာဉ်ရေးရာခရီးပြုခြင်း

အဘိဓါန်က ပဋိညာဉ်တရားကို =ကတိခံဝန်ချက် (သို့) တာဝန်ယူမှု+ ဟု အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ သံတူကြောင်းကွဲများတွင်၊ ==*တာဝန်၊ ဆက်ကပ်မှု၊ အခိဋ္ဌာန်၊ ဝတ္တရား၊ လုပ်ငန်းတာဝန်၊ အချစ်ကြီးမှု၊ သစ္စာစောင့်သိခြင်း၊ ယုံကြည်ခြင်း၊ ကတိ၊ စာချုပ်၊ ဆွေးနွေးခြင်း၊ အာမခံချက်၊ ယုံကြည်စိတ်ချမှု*++ တို့ ပါဝင်ပါသည်။ ပဋိညာဉ်တရားတွင် အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ ပထမအပိုင်းမှာ စကားပြောခြင်း (အပြစ် ဝန်ချခြင်း)၊ ဒုတိယအပိုင်းမှာ ပြုလုပ်ခြင်း (ဆက်ကပ်အပ်နှံခြင်း) ဖြစ်ပါ သည်။ ဤနှစ်ခုလုံး ရှိပါက၊ သင့်တွင် ချည်နှောင်ထားသော ကတိကဝတ် ရှိလာပါ မည်။

## က။ အပြစ်ဝန်ချခြင်း


အပြစ်ဝန်ချခြင်းသည် ဘုရားရှင်နှင့်ပဋိညာဉ် မိတ်သဟာရဖွဲ့မှု၏ ပထမ လုပ်ဆောင်ချက် ဖြစ်ပါသည်။ အပြစ်ဝန်ချခြင်းသည် ထုတ်ဖော်ပြောဆိုခြင်း သင်မြင် သမျှ၊ ခံစားရသမျှ၊ ကြားသမျှကို ပြောပြခြင်းဖြစ်ပါသည်။

စကားလုံးများသည် တန်ခိုးအရှိန် အလွန်ကြီးပါသည်။ စကားလုံးများတွင် လူများ၊ အရာဝတ္ထုများကို ချည်နှောင်ခြင်း၊ ပြေစေခြင်းနှင့် တည်ဆောက်ခြင်း သို့မဟုတ် ကွဲလွင့်စေခြင်း တန်ခိုးရှိပါသည်။ ဖော်ပြပါပုံက ဘုရားရှင်ထံ ကျွန်ုပ်တို့ နှုတ်ဖြင့် ဝန်ချပါက အပြစ်နံရံသည် ပြိုကျသွားပြီး ဘုရားရှင်နှင့် မိတ်သဟာရသည် နဂိုမူလ အခြေအနေအတိုင်း ဖြစ်သွားပါသည်။ ဘုရားရှင်သည် ကျွန်ုပ်တို့အား စကား ပြောသည်သာမက ကျွန်ုပ်တို့ နှလုံးသားများနှင့် တိုက်ရိုက်ဆက်သွယ်ရေးလမ်း ကြောင်းကို တည်ဆောက်လိုက်ပါသည်။

မိတ်သဟာရဖွဲ့မှုအတွက် အဓိကမှာ **ဆက်သွယ်ရေး**ပင် ဖြစ်ပါသည်။ ဥပမာ၊ လက်ထပ်ထိမ်းမြားခြင်းတစ်ခု၏ အရေးကြီးသော အခိုက်အတန့် (ပေါင်းဖက် မှုသည် တရားဝင်ဖြစ်လာပြီးသောအခါ) သည် တစ်ဦးကိုတစ်ဦး ဝန်ခံခြင်းနှင့် ကတိ ပြုခြင်းအချိန်တွင် ဖြစ်ပေါ်လာပါသည်။ တစ်ဖက်စီတိုင်းသည် အခြားတစ်ဖက်ကို ဝန်ခံကတိ ပြုရမည်ဖြစ်ပါသည်။ သခင်ယေရှုနှင့် ကျွန်ုပ်တို့၏

# ဝိညာဉ်ရေးရာခရီးပြုခြင်း

မိတ်သဟာရဖွဲ့မှုတွင် ခရစ်တော်က ကျွန်ုပ်တို့အား ကျိန်ဆိုဝန်ခံကတိပြုခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့တွင် ဆက်ကပ်အပ်နှံရန် ဆန္ဒရှိမည်ဆိုပါက ကျွန်ုပ်တို့သည်လည်း ကျိန်ဆို၍ ဝန်ခံကတိ ပြုကြရမည်ဖြစ်ပါသည်။




နေဟမိမှတ်စာနှင့် ဇေဇရမှတ်စာတို့တွင် သမ္မာကျမ်းစာတော်မြတ်အား ဖတ်ကြားပြီး လူများအား သွန်သင်ပြီးနောက် သူတို့အား အပြစ်မှ ခွင့်လွှတ်ခြင်းရရန် ဘုရားရှင်အား ကိုယ်တိုင်ဝန်ချခြင်း ဆုတောင်းမှုပြုရန် ဦးဆောင်ပေးကြောင်း ဖော်ပြပါသည်။ အခြားသူနှစ်ဦးဖြစ်သော ရှမွေလ (၁ရာ ၇း၆) နှင့် ရှောလမုန်ဘုရင် (၆ရာ ၆း၂၄၊ ၂၆-၂၇) တို့သည်လည်း လူတို့အား လူအများ ရှေ့၌ ဝန်ချခြင်း ပြုရန် ဦး ဆောင်ခဲ့ပါသည်။ ဤအယူအဆသည် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့မှု ပြုရာတွင် လည်း မှန်ကန်ပါသည်။ ယင်းသည် ကျွန်ုပ်တို့၏ အပြစ်များကို သခင်ယေရှု ရှေ့တော်တွင် ဝန်ချခြင်းဖြင့် စတင်ပါသည်။ ကျွန်ုပ်တို့ အပြစ်များကို ဝန်ချသည် နှင့်အမျှ ခရစ်တော်၏ ကားတိုင်တော်သည် ဘုရားသခင်၏ မျက်မှောက်တော်သို့ ကျွန်ုပ်တို့ လျှောက်လှမ်းရာတွင် အသုံးပြုနိုင်မည့် တံတားတစ်ခု ဖြစ်လာပါသည်။

ကျွန်ုပ်တို့အတွက် အကြီးမားဆုံး စိန်ခေါ်မှုမှာ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြောင်း ဝန်ခံရန်နှင့် သခင်ယေရှုကို ကျွန်ုပ်တို့၏ အရှင်နှင့် ကယ်တင်ရှင်

အပြစ် လက်ခံရန် လိုအပ်ကြောင်း နှိမ့်ချစွာ ဝန်ခံရန် ဖြစ်ပါသည်။

ယင်းသည် ရှင်ပေါလုက ရောမအသင်းတော်အား အခန်းကြီး ၁၀၊ အငယ် ၈-၁၀ တွင် ပြောခဲ့သည့်အတိုင်း ဖြစ်ပါသည်။

> *တဖန်ဆိုသည်ကား တရားတော်သည် သင်နှင့်နီး၏။ သင်၏ နှုတ်၌၎င်း၊ **သင်နှလုံး၌**၎င်း ရှိသည်ဟုဆို၏။ ထိုသို့ဆိုသော် ငါတို့ ဟောသော ယုံကြည် ခြင်းတရားကို ဆိုလိုသတည်း။ အဘယ်သို့နည်းဟူမူကား သင်သည် သခင် ယေရှုကို **နှုတ်ဖြင့်ဝန်ခံ**၍ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက် စေတော်မူပြီဟု **စိတ်နှလုံးထဲ**၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့် မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှာ **နှုတ်ဖြင့်ဝန်ခံ**ရ၏။*

ဒါဝိဒ်မင်းကြီးသည်လည်း ဝန်ခံခြင်း၏ အရေးကြီးပုံကို သိခဲ့ပါသည်။ သူက

> *အကျွန်ုပ်သည် ကိုယ်အပြစ်ကို ရှေ့တော်၌ဝန်ချပါ၏၊*
> *ပြုမိသော ဒုစရိုက်ကို ဝှက်၍ မထားပါ၊*
> ***ငါလွန်ကျူးသောအရာကို ထာဝရဘုရားအား ဖော်ပြတောင်းပန်မည်** ဟု ပြောဆိုသောအခါ ကိုယ်တော်သည် အကျွန်ုပ်ပြစ်မှားခြင်းအပြစ်ကို လွှတ် တော်မူ၏ (ဆာ ၃၂း၅)။*

ကျွန်ုပ်တို့၏ အပြစ်များကို ဘုရားသခင်ထံတော်၌ ဝန်ချတောင်းပန်လျှင် ကိုယ်တော်သည် နားညောင်းတော်မူပြီး အဖြေပေးပါမည်။ ကျွန်ုပ်တို့၏ နှလုံးသား ထဲသို့ ကိုယ်တော်၏ နေရာထိုင်ခင်းကဲ့သို့ ကြွလာပါမည်။ *ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင် ငါတို့ အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေ ခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်း တရားနှင့်၎င်း ပြည့်စုံတော်မူ*၏ (၁ယော၊ ၁း၉)။


# ဝိညာဉ်ရေးရာခရီးပြုခြင်း

သခင်ယေရှုက ကျွန်ုပ်တို့အား *အကြင်သူသည် လူတို့ရှေ့မှာ ငါကို ဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်* (မဿဲ ၁၀း၃၂-၃၃)။ အဖြေမှာ ကျွန်ုပ်တို့၏ နှလုံးသားနှင့် အသက်တာ၌ စတင်နေရာယူလာမည့် ပြောင်းလဲခြင်း တစ်ရပ်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အသက်တာများအတွက် ကျွန်ုပ်တို့၏ အလိုဆန္ဒများမှ ဘုရားရှင်၏ အလိုတော်သို့ စတင်ပြောင်းလဲလာ ပါမည်။

ကျွန်ုပ်တို့၏ အားလုံးသော တန်ဘိုးများနှင့် ကိုယ်ပိုင်တန်ကြေးများသည် ဘုရားရှင်နှင့် မိတ်သဟာရဖွဲ့မှုမှတဆင့် ကိုယ်တော်နှင့် ဆက်သွယ်ပြီး ဖြစ်သွား ပါမည်။ ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့ ဘာလိုအပ်ပြီး ကျွန်ုပ်တို့ အတွက် မည်သည့်အရာသည် ကောင်းမြတ်သည်ကို သိကြောင်း ယုံကြည်ရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့နှုတ်ဖြင့် ထုတ်ဖော်ပြောဆိုလိုက်သည်နှင့် ကိုယ်တော်သည် နားညောင်းတော်မူပြီး ကျွန်ုပ်တို့နှင့်အတူတကွ လက်တွဲပါလိမ့်မည်။

## ခ။ ဆက်ကပ်အပ်နှံခြင်း

သဘောတူညီမှုတစ်ရပ်သည် နှစ်ဖက်လုံးမှ ယင်းကို အတည်ပြု ထိန်းသိမ်း စောင့်ရှောက်ထားရန် ကတိကဝတ်ပြုမှုသာလျှင် ကောင်းပါသည်။ ဒဂ်ါးတိုင်းတွင် မိမိ၏ ပုံသဏ္ဍာန်ကိုဆောင်ရန် အနားနှစ်ဖက် ရှိပါသည်။ မိတ်သဟာရဖွဲ့ခြင်းတွင်



လည်း ထိုနည်းတူ ဖြစ်ပါ သည်။ နှစ်ဦးနှစ်ဖက်သည် တစ်ခုတည်းဖြစ်ရန် အတူ တကွပေါင်းဖက်ရန် လိုအပ်ပါ သည်။ ယင်းအချက်က ပဋိညာဉ်တရား၏ ဒုတိယပိုင်း ဆီသို့ ခေါ်ယူသွားပါသည်။ အခြားသူတစ်ဦးအား တစ်စုံ တစ်ခုပေးခြင်းဖြင့် ပုံဖော် ထားပါသည်။ လက်ထပ်ထိမ်းမြားခြင်းတွင် စုံတွဲတစ်တွဲသည် တစ်ခါတစ်ရံ တစ်ဦးကို တစ်ဦး လက်စွပ်ပေးကြပါသည်။ ယင်းသည် သူတို့၏ ပြုခဲ့သော ကတိကဝတ်ကို နေ့စဉ် သတိတယရှိစေရန် ဖြစ်ပါသည်။

အားလုံးသော မိတ်သဟာရဖွဲ့မှုများသည် **ကတိကဝတ်** အခြေခံပေါ်တွင် အလုပ်လုပ်ပါသည်။ ဥပမာ နှစ်ဦးနှစ်ဖက်သည် တစ်ဦးနှင့်တစ်ဦးအကြား ချစ်ခြင်း ပဋိညာဉ်ကို ပြုကြပြီး၊ တစ်ဦးကိုတစ်ဦး မစရန်နှင့် အတူလျှောက်လှမ်းကြရန် သစ္စာပြု ကြပါသည်။ သူတို့သည် တစ်ဦးနှင့် တစ်ဦးအကြား ထားရှိသည့် ကတိကဝတ်ကို ဥပဒေကြောင့် ထိန်းသိမ်းကြခြင်း မဟုတ်ပါ။ တစ်ဦးအပေါ် အခြားတစ်ဦးက ချစ်ခြင်းမေတ္တာကြောင့်သာ ဖြစ်ပါသည်။ ထိုနည်းတူ သခင်ခရစ်တော်က ကျွန်ုပ်တို့ အား ရက်စက်ကြမ်းကြုတ်သော လက်ဝါးကားတိုင်လမ်းအားဖြင့် ကတိတော် ထား ခဲ့ပါသည်။ သူ၏ သွန်းသော အသွေးတော်သည် သူပေးခဲ့သော အဖိုးအခဖြစ်ပြီး ဘုရားသခင်နှင့် ပိုမိုနက်ရှိုင်းသော မိတ်ဖွဲ့မှုကို ခွင့်ပြုခဲ့ပါသည်။ ယော ၃း၁၆ တွင် *ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်း သော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏* ဟု ဆိုပါသည်။


ဘုရားသခင်သည် စိတ်ချယုံကြည်ရပြီး မှန်ကန်ကြောင်း ကျွန်ုပ်တို့လက်ခံရန် လိုအပ်ပါသည်။ ကိုယ်တော်သည် မိမိ မထိန်းနိုင်သော ကတိကို မည်သည့်အခါမျှ မပေးပါ။ သမ္မာကျမ်းစာတော်မြတ်သည် ကျွန်ုပ်တို့အား ဘုရားသခင်ပေးခဲ့သော ကတိတော်များနှင့် ပဋိညာဉ်အားလုံးကို မှတ်တမ်းပြုထားပါသည်။ ရှင်ပေါလုက *ထိုနက်နဲသော အရာဟူမူကား*

# ဝိညာဉ်ရေးရာခရီးပြုခြင်း

*တပါးအမျိုးသားတို့သည်* ***ဧဝံဂေလိ****တရားအားဖြင့် ယုဒအမျိုးသားများနှင့်အတူ အမွေခံ၍ တလုံးတဝ တကိုယ်တည်း ဖြစ်လျက် ခရစ်တော်နှင့်ဆိုင်သော* ***ဂတိတော်****ကို ဆက်ဆံရကြသတည်း* (ဧဖက် ၃း၆)။

ကျွန်ုပ်တို့သည် ပဋိညာဉ်ပြုလုပ်ရာတွင် ပါဝင်သော ဝန်ခံခြင်းနှင့် ကတိထားခြင်း အပိုင်းနှစ်ပိုင်းအကြောင်း ပြောခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုထံ ကိုယ်တော်၏ ပုံသဏ္ဍာန်နှင့်အညီ ပုံသွင်းခံရန် မိမိကိုယ်မိမိ အပ်နှံရန် လိုအပ်ပါသည်။ သို့မှသာ လူများ ကျွန်ုပ်တို့အား ကြည့်ရှုသောအခါ ခရစ်တော်သည် ကျွန်ုပ်တို့မှ တဆင့် ထွန်းတောက်နေကြောင်း တွေ့မြင်နိုင်ပါလိမ့်မည်။

ခရီးစဉ်သည် ဤနေရာတွင် ရပ်တန့်သွားသည် မဟုတ်ပါ။ ဘုရားရှင်သည် မိတ်သဟာရဖွဲ့ခြင်း၏ အဓိပ္ပါယ်ပေါ်တွင် ဆက်လက်တည်ဆောက် နေပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် မိမိတို့၏ အဆင့်အတန်းကို နားလည်နိုင်မည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ကိုယ်တော်တွင်ရှိကြောင်း ဝမ်းမြောက်နိုင်ပါမည်။ ယင်းက ကျွန်ုပ်တို့အား နောက်အချက်အလက်တစ်ခုထံ တက်လှမ်းစေပါသည်။




**မိတ်သဟာရဖွဲ့မှုမှ ထူးဆန်းသောနိမိတ်လက္ခဏာ**

ယခုအခါ အမှန်တကယ် ထူးဆန်းသော နိမိတ်လက္ခဏာတစ်ရပ် ပေါ်ထွက် လာပါသည်။ ယင်းသည် အံ့ဩဖွယ်ရာဖြစ်ပြီး

ထူးခြားပါသည်။ လက်ခံသူတိုင်းအား ပေးကမ်းပါသည်။ ဘုရားရှင်က ကျွန်ုပ်တို့သည် **သူ့**အား ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် တို့ဖြင့် ဆက်သွယ်ရန် အလိုတော်ရှိကြောင်း ပြောပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်နှင့် တဖန်ပြန်၍ တစ်လုံးတစ်ဝတည်း ဖြစ်လာပါ သည်။ ကျွန်ုပ်တို့သည် ဘုရား ရှင်နှင့် မိတ်သဟာရဖွဲ့မှု ဖက်သို့ ပြန်ရွေ့သွားသည့်အခါ **ထူးဆန်းသော နိမိတ်လက္ခဏာ** ဖြစ်ပေါ်လာပါသည်။ သခင်ယေရှုက ကျွန်ုပ်တို့အား ဘုရားရှင်နှင့် ပေါင်းစည်းမိ သွားပြီး ကိုယ်တော်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာကာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အပိုင်းတစ်ရပ် ဖြစ်လာပါသည်ဟု ပြောကြားတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် အထီးကျန် မဟုတ်တော့ပဲ သို့မဟုတ် အပြစ်၏ အသီးကို မသီးတော့ပါ။

သခင်ယေရှုက ကျွန်ုပ်တို့အား ကမ္ဘာကြီးအတွက် ရှင်သန်နေသော သစ်ကိုင်းအရိုင်းများအဖြစ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ကျွန်ုပ်တို့ ကိုယ်တော်ထံသို့ လာပြီး ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ခံပါက ကျွန်ုပ်တို့သည် ကိုယ်တိုင် **ကိုယ်တော် ထံ ကိုင်းဆက်ခံ**လိုက်ခြင်း ဖြစ်လာပါသည်။ ကျွန်ုပ်တို့ ကိုယ်တော်၏ စပျစ်ပင် အစိတ်အပိုင်း ဖြစ်လာသည်နှင့်အမျှ ကိုယ်တော်၏ စိတ်သဘော၊ စရိုက်နှင့် အသက်တာကို ယူဆောင်လာပါသည်။ ယော ၁၅း၄-၅ တွင် *ငါ၌ တည် နေကြလော့။ ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည် အပင်၌ မတည် လျှင် ကိုယ်အလိုအလျောက် အသီး မသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌ မတည်လျှင် အသီး မသီးနိုင်ကြ။ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ ၏။ အကြင်သူသည် ငါ၌ တည်၍ ငါသည်လည်း သူ၌ တည်၏။ ထိုသူသည် များစွာ သော အသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ* ဟု ဖော်ပြထားပါသည်။ ယင်းက ကျွန်ုပ်တို့အား သခင်ခရစ်တော်၏ တပည့်စစ်များအဖြစ် လူများက မြင်တွေ့စေပါသည်။ သခင်ယေရှုက ကျွန်ုပ်တို့အား ချီပင့်ထားပြီး သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးက တာရှည်ခံသောအသီးကို သီးရန် ကျွန်ုပ်တို့၏ ကိုယ်အတွင်း ဖြတ်သန်းစီးဆင်းနေပါသည်။ သန့်ရှင်းသော

# ဝိညာဉ်ရေးရာခရီးပြုခြင်း

ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုယ်ကို **ကိုင်းဆက်**လိုက်သော စပျစ်ပင်မှ တဆင့်လာပြီး ကျွန်ုပ်တို့သည် **သူ**၏ ဝိညာဉ်အသီးကို စတင်သီးပါလိမ့်မည်။ ရှင်ပေါလုက ထိုအသီး သည် ***ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း*** တို့ကို ဖေါ်ပြလိမ့်မည်ဟု ဆိုခဲ့ပါသည် (ဂလာတိ ၅း၂၂-၂၃)။

အကိုင်းတစ်ခုကို ကိုင်းဆက်ရန် စပျစ်ပင်၏ ပင်စည်ကို လှီးထုတ်ရပြီး ကိုင်းအသစ်ကို လှီးထားသော အပေါက်ထဲသို့ ထည့်ရပါသည်။ နေရာတကျ ထားပြီး သောအခါ ကိုင်းဆက်သူသည် ယင်းက ခိုင်မြဲစွာ ချည်နှောင်ရပါသည်။ အချိန်အတန် ကြာပြီးသောအခါ အသားကျသွားပြီး အကိုင်းနှင့်ပင်စည်သည် တသားတည်း ဖြစ် သွားပါသည်။ အဟာရနှင့် စပျစ်၏ သဘာဝသည် အမြစ်မှတဆင့် တက်လာပြီး ကိုင်းအသစ်ထဲသို့ စီးဝင်သွားပါသည်။ သင့်တော်သည့် ရင့်မာမှုကို ရသောအခါ အကိုင်းသစ်သည် စပျစ်ပင်ကဲ့သို့ အသီးကို သီးပါလိမ့်မည်။ အသီးသည် စပျစ်ပင်၏ လက္ခဏာနှင့် စွမ်းအားကို ယင်း၏ အတွင်းတွင် သယ်ဆောင်ထားသည့် အပင်ပေါက် များစွာကို ထပ်မံထုတ်လုပ်ပေးပါသည်။

ထို့နည်းတူ သခင်ခရစ်တော်ကို လက်ခံထားသည်နှင့်အမျှ ကျွန်ုပ်တို့၏ သဘာဝနှင့် တူညီမှုသည် စပျစ်ပင် (သခင်ယေရှု) နှင့် တူညီလာပါမည်။ ထို့ကြောင့် သခင်ယေရှုက တမန်တော်များအား သီးသောအသီးအားဖြင့် သင်တို့ကို သိလိမ့်မည်ဟု ပြောခဲ့ပါသည် (မဿဲ ၇း၁၆)။ အမြစ်က ကျွန်ုပ်တို့ကို ထောက်ပံ့နေပြီး ကျွန်ုပ်တို့က အမြစ်ကို မထောက်ပံ့ကြောင်းသိရန် အရေးကြီးပါသည်။

ဤထူးဆန်းသော နိမိတ်လက္ခဏာကို သိနားလည်ရန် ကိုယ်တော်သည် **သူ၏** သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အား ဦးဆောင်လမ်းပြရန် စေလွှတ်ခဲ့ ပါသည်။

# ဝိညာဉ်ရေးရာခရီးပြုခြင်း

## မိတ်သဟာရဖွဲ့မှုအာမခံချက်

ကျွန်ုပ်တို့သည် ဤဘုရားသခင်နှင့်ကိုယ်တွေ့ မိတ်ဖွဲ့မှုကို ဆက်လက်စစ်ဆေးသွားခြင်းဖြင့် ကျွန်ုပ်တို့သည် အခြားသော ထူးခြားသည့် နမိတ်လက္ခဏာကို တွေ့မြင်ရပါသည်။ သခင်ယေရှုသည် ဤလောကကို စွန့်ခွါသွားသည့်အခါ **သူ**က အဖဘုရားသခင်အား အခြားသော နှစ်သိမ့်သူကို စေလွှတ်ပေးရန် တောင်းခံမည်ဟု ပြောခဲ့ပါသည်။ ထိုပုဂ္ဂိုလ်သည် လာ၍ မိတ်သဟာရဖွဲ့မှု စာချုပ်လွှာကို ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် အတူတကွ **တံဆိပ်ခတ်နှိပ်**ပါမည်။ ကျွန်ုပ်တို့အား *သင်တို့သည် လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကို ကြားနာ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံရကြပြီ။ ပိုင်ထိုက်တော်မူသော သူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူခြင်းသို့ မ ရောက်မှီ ကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စားရန်ဖြစ်တော်မူ၏* (ဧဖက် ၁း၁၃-၁၄) တွင် ပြောကြားထားပါသည်။

သမ္မာကျမ်းစာတော်မြတ်က *သင်တို့နှင့်ငါတို့ကို ခရစ်တော်၌တည်စေ၍ ဘိသိက်ပေးသောသူကား ဘုရားသခင် ဖြစ်သတည်း။ ထိုဘုရားသခင်သည် ငါတို့ကို တံဆိပ်ခတ်၍ ငါတို့စိတ် နှလုံးထဲ၌ ဝိညာဉ်တော်တည်းဟူသော စားရန်ကို သွင်းပေးတော်မူ၏* (၂ကော၊ ၁း၂၁-၂၂)။


ခရစ်တော်က ကျွန်ုပ်တို့နှလုံးသားအား နေ့စဉ်သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဖြည့်လိုပါသည် (ဧဖက်၊ ၅း၁၈)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ နေ့စဉ်လျှောက်လှမ်းခြင်းတွင် စွမ်းအားဖြည့်ပေးရန်၊ သွန်သင်ရန်၊ ခွန်အားနှင့်ပြည့်ဝ စေရန်၊ သက်သာစေရန်နှင့် လမ်းပြရန် လာပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် ရင့်ကျက်မှု တစ်နေရာသို့ ကြီးထွားသွားနိုင်ပါမည်။ ယေရှုက

# ဝိညာဉ်ရေးရာခရီးပြုခြင်း

*ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်း သောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ ၍ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူ မည်* (ယော ၁၄း၂၆)။

ခရစ်တော်က **သူ**၏ ရှေ့တော်မှောက်တွင် နေ့စဉ်အတူတကွ ကျွန်ုပ်တို့ လျှောက်လှမ်းရန် အလိုတော်ရှိပါသည်။ **သူ**က ယင်းကို ကျွန်ုပ်တို့၏ နှလုံးသားထဲသို့ **သူ**ကိုယ်တိုင်၏ အစိတ်အပိုင်းတစ်ရပ်ကို ထည့်သွင်းခြင်းဖြင့် ပြီးမြောက်စေခဲ့ပါသည်။ ကျွန်ုပ်တို့၏ မိတ်သဟာရဖွဲ့မှုအပေါ်ပေးသော **သူ**၏ ဝန်ခံကတိကို **အာမခံချက်** ပေးနေပါသည်။ *၂ ကော ၅း၅* တွင် *ထိုသို့သော အကျိုးကို ခံစေခြင်းငှါ ငါတို့ကို ပြင်ဆင်သောသူကား ဘုရားသခင်ပေတည်း။ ထိုဘုရားသခင်သည် ဝိညာဉ်တော် တည်းဟူသော စားရန်ကို ငါတို့အား ပေးတော်မူပြီ* ဟူသော အချက်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ယခုအခါ တစ်ဦးကိုတစ်ဦး အစေခံနိုင်ကြပြီး ဤဆုံးရှုံး၍ အပြစ်နှင့် ပြည့်ဝနေသော ကမ္ဘာကြီးကို သက်သေခံနိုင်ကြခြင်းမှာ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် ခွန်အားကြောင့် မဟုတ်ပါ၊ ကိုယ်တော်၏ စွမ်းရည်နှင့် တန်ခိုးကြောင့် ဖြစ်ပါသည်။

ရုပ်ပုံသည် အရာများစွာကို သရုပ်ဖော် ပြသနေပါသည်။ ပထမ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် မီးလျှံကဲ့သို့ လာနေသည်ကို ပြသပါသည်။ မီးသည် အမှန်တကယ် မဟုတ်သည့် အရာများကို ဝါးမျိုပစ်လိုက် ပါသည်။ ထိုနည်းတူ သန့်ရှင်း သောဝိညာဉ်တော်သည်



မိတ်သဟာရစက်ဝိုင်းကို ပြန်လည်တည်ဆောက်ခြင်း

# ဝိညာဉ်ရေးရာခရီးပြုခြင်း

ကျွန်ုပ်တို့အသက်တာများတွင် အသုံးမဝင်သော အရာများကို လောင်ကျွမ်းပစ်လိုက်ပါသည်။ ဒုတိယ၊ ယင်းပုံက သန့်ရှင်း သောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ နှလုံးသားကို ဖြည့်ရန် ဆန္ဒရှိကြောင်း ဖော်ပြပါသည်။ **သူ**၏ ဖြည့်တင်းခြင်းသည် နေ့စဉ်လုပ်ရိုးလုပ်စဉ်ဖြစ်ရန် လိုအပ်ပါသည်။ ဓါတ်ဆီသည် ကားထဲ၌ အသုံးပြုလောင်ကျွမ်း၍ ကုန်ခန်းသွားသကဲ့သို့ ယုံကြည်သူ တစ်ဦးသည် (အစေခံ၍ ပေးဆက်သည်နှင့်အမျှ) ဘုရားသခင်ထံ **သူ**၏ တန်ခိုးနှင့် ခွန်အားပို၍ရရန် ပြန်သွားဖို့ လိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့် စက်ဝိုင်းက ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆိုပါက ပြီးပြည့်စုံပြီး **သူ**နှင့် အတူတကွ ပေါင်းစည်းရန် အထူးပြုဖော်ပြပါသည်။ ကျွန်ုပ်တို့သည် အစေခံရန်အတွက် မေတ္တာဖြင့် အတူတကွ ထမ်းဘိုးထမ်းရန်ဖြစ်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်က ဘုရားသခင်အား နာမ်ဝိညာဉ်နှင့်၄င်း၊ သစ္စာနှင့်၄င်း၊ ဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့အား မစပေးပါသည် (ယော ၄း၂၄)။ ကျွန်ုပ်တို့၏ ခရစ်တော်နှင့်အတူ လျှောက်လှမ်းခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခွန်အားပြည့်ဝသော မိတ်သဟာရဖွဲ့မှု တစ်ရပ်ဖြစ်ပါသည်။ ကျွန်ုပ်တို့အား အိမ်တော်သို့ ပြန်လည်ခေါ်ယူသည်အထိ ကျွန်ုပ်တို့အား လျှောက်လှမ်း၊ လမ်းပြပို့ဆောင်ပါမည်။ *ဂလာ ၅း၂၅* တွင် *ငါတို့သည် ဝိညာဉ် ပကတိကြောင့် အသက်ရှင်လျှင် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့* ဟု ဖော်ပြထားပါသည်။ ထိုအချိန်တိုင် ကျွန်ုပ်တို့သည် **သူ**၏ ဗိမာန်တော် ဖြစ်ရပါမည်။ သမ္မာကျမ်းစာတော်မြတ်က *အဘယ်သို့နည်း၊ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကိန်းဝပ်၍ သန့်ရှင်း သော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကို၄င်း၊ မိမိတို့ကိုမိမိတို့ မပိုင်ကြောင်း ကို၄င်း၊ မသိကြသလော။ သင်တို့သည် အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်သော ကြောင့် ဘုရားသခင် ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့* (၁ကော၊ ၆း၁၉-၂၀)။

နေ့စဉ်တိုင်း ကျွန်ုပ်တို့သည် မိမိတို့၏ ခွန်အားနှင့် စွမ်းရည်တို့ဖြင့် တစ်ဦး

တည်း လျှောက်လှမ်းရန် မလိုတော့ကြောင်း စဉ်းစားဆင်ခြင်ကြပါစို့။ ကျွန်ုပ်တို့တွင် စွမ်းအားဖြည့်တင်းထားသော ဘုရားရှင်နှင့် ကိုယ်တိုင်မိတ်သဟာရဖွဲ့မှုကို တစ်နေ့တာ၏ အချိန်တိုင်းတွင် ရရှိနိုင်ပါသည်။

ကျွန်ုပ်တို့သိရန်လိုသည့် ဤကိုယ်တိုင်မိတ်သဟာရဖွဲ့မှု ခရီးစဉ်နှင့် စပ်ဆိုင် သော နောက်ဆုံး အယူအဆကို ကျွန်ုပ်တို့ ယခု ကြည့်ကြပါစို့။


**မိတ်သဟာရဖွဲ့မှုထာဝရ**

သတင်းကောင်းသည် ရပ်မသွားပါ။ **သူ**သည် ကျွန်ုပ်တို့အား ခေါ်ဆောင်သွားမည့် နေရာတစ်ခုကို ပြင်ဆင်လျက်ရှိနေပြီး ကျွန်ုပ်တို့သည် **သူ**နှင့် ထာဝစဉ် အတူတကွ နေရပါမည်။ ထိုနေရာသည် နာကျင်ခြင်း ခံစားရခြင်း မရှိသောနေရာ ကျွန်ုပ်တို့တွက် အသစ်သော ကိုယ်ခန္ဓာရရှိမည့်နေရာ၊ ကြီးကျယ်သောပွဲတော်ကျင်းပ မည့်နေရာ၊ လူသားနှင့် ဖန်ဆင်းခံ အရာအားလုံး စည်းလုံးခြင်းနှင့် ညီညွတ်ခြင်း ရှိမည့်နေရာ၊ ကျွန်ုပ်တို့အား အမည်သစ်ပေးမည့်နေရာဖြစ်ပါသည် (ဗျာ ၂း၁၇)။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အတူနေရမည့် နေရာတစ်ခု ရှိလိမ့်မည်သာမက ခရစ်တော်နှင့် ကိုယ်တိုင်မိတ်သဟာရဖွဲ့မှုထဲသို့ ယုံကြည်ခြင်းဖြင့် ဝင်ရောက်လာသော ယုံကြည်သူအားလုံးနှင့်အတူ ရှိရမည့်နေရာတစ်ခုပါ ရှိပါလိမ့်မည်။ ကိုယ်တော်၏ ကောင်းကင်နိုင်ငံတော်သည် လက်တကမ်းအကွာတွင် ရှိနေပြီး ဘုရင်သည် **သူ**၏ လူများအတွက် မကြာမီ ကြွလာတော်မူ ပါလိမ့်မည်။

အောက်တွင်ရှိသော ပုံစံသည် ကျွန်ုပ်တို့ကိုယ်တော်နှင့် အတူရှိရန် သွားနေ စဉ် ဖြစ်လာနိုင်သည့် အဖြစ်အပျက်အမျိုးမျိုးကို ညွှန်ပြပါသည်။ ဘုရားသခင်အား အရာအားလုံး၏ အပေါ်တွင် တြိဂံ တစ်ခု၏ပုံစံဖြင့် ကျွန်ုပ်တို့သည် မြင်ရပါသည်။ ကျွန်ုပ်တို့ ကုလား ထိုင်တစ်လုံးကို မြင်ရပါသည်။ ယင်းသည် ဘုရားသခင်၏ ဖြူစင်

သောပလ္လင်တော် (တရားစီရင်ရာပလ္လင်) ကို ကိုယ်စားပြုပါသည်။ တြိဂံနှင့်




စက်ဝိုင်း၏အောက်တွင် စားပွဲတစ်လုံးရှိပြီး လက်ထပ်မင်္ဂလာစားပွဲကို ကိုယ်စားပြုပါသည်။ အစက်ပျောက်များသည် သိုးသငယ်တော်၏ မင်္ဂလာဆောင် ညစာစားပွဲ (ခရစ်တော် ယေရှု) တွင်ရှိသော သန့်ရှင်းသူ ထောင်ပေါင်းများစွာတို့ ဖြစ်ကြပါသည်။

ပုံထဲတွင်ပါဝင်သော အရာများမှာ စက်ဝိုင်းသုံးခု ဖြစ်ပါသည်။ တစ်ခုသည်

# ဝိညာဉ်ရေးရာခရီးပြုခြင်း

ကောင်းကင်ဘုံကို ပုံဆောင်ပြီး ဒုတိယမှာ မြေကြီးသစ်ကို ပုံဆောင်ပါသည်။ ပို၍ကြီးသော စက်ဝိုင်းသည် ကျန်နှစ်ခုလုံးကို ငုံထားပြီး အားလုံးသည် အတူတကွ ဖြစ်ပြီး တစ်ခုတည်းအဖြစ် ပြည့်စုံကြောင်း ဖေါ်ပြပါသည်။ ရုပ်ပုံသည် အာဒံနှင့်ဧဝ မကျရှုံးမှီက လမ်းကြောင်းဆီသို့ ပြန်လည် ပြောင်းသွားပါသည်။ အရာအားလုံးနှင့် မိတ်သဟာရဖွဲ့မှုသည် ငြိမ်သက်ခြင်းတဖန် ဖြစ်သွားပါသည်။ ခြသေ့်တို့သည် သိုးသငယ်တို့နှင့် အတူတကွ လဲလျောင်းနေကြပြီး သေခြင်းနှင့် ပျက်စီးခြင်းတို့ တဖန် မရှိတော့ပါ။

ဗျာဒိတ်ကျမ်းတွင် သိုးသငယ်၏ မင်္ဂလာဆောင်ပွဲအကြောင်း ဖေါ်ပြထားပါသည်။ ယင်းသည် ကျွန်ုပ်တို့ ကိုယ်တော်နှင့်အတူတကွ စုရုံးကြပြီး အလုံးစုံသော ထာဝရများကို စိုးစံရသော အချိန်အခါဖြစ်ပါသည် (ဗျာ ၁၉း၆-၁၀)။ ကျွန်ုပ်တို့၏ အမည်များသည် ခရစ်တော်၏ ကိုယ်တိုင် မိတ်ဖွဲ့မှုစာအုပ်တွင် ရေးမှတ်ထားသည်နှင့် အညီ ကျွန်ုပ်တို့၏ ဖိတ်စာများသည် ရောက်လာပါမည်။ **သူ**သည် ကျွန်ုပ်တို့အား နာမည်နှင့်တကွ သိပြီး **သူ**နှင့် အလုံးစုံသော ထာဝရအရာများအတွက် လက်တွဲရန် ခေါ် တော်မူပါလိမ့်မည်။

*သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရ အသက်ကိုပေးတော်မူ၍ ထိုအသက်သည်လည်းသားတော်၌ပါ၏။ သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်သားတော်ကို မရသောသူမူကား အသက်ကိုမရ။ ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ ဤအရာများကို သင်တို့ အား ငါ ရေး၍ပေးလိုက်၏* (၁ယော ၅း၁၁-၁၃)။

ယနေ့သည် ကျွန်ုပ်အဘို့ ဖြစ်ပါသည်။ ခရစ်တော်နှင့် ကိုယ်တိုင် မိတ်သဟာရဖွဲ့ခွင့်ကိုရရန် သင် ရွေးချယ်နိုင်ပါသည်။ နောက်ကျသွားပြီဟူ၍ မရှိပါ။ ဘုရားသခင်သည် သင့်ထံမှကြားရန် စောင့်ဆိုင်းနေပါသည်။

**နိဂုံး**

# ဝိညာဉ်ရေးရာခရီးပြုခြင်း

ဧဒင်ဥယျာဉ်ထဲမှာကဲ့သို့ပင် ကျွန်ုပ်တို့တွင် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိပါသည်။ မိတ်သဟာရဖွဲ့မှု ပြုမည်လား၊ နှလုံးသားဗလာဖြင့် ကျွန်ုပ်တို့ဘာသာ ခြေဦးတည့်ရာ လျှောက်သွားနေမည်လား။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ရောက်ရန် ပြုလုပ်ခဲ့ပြီး ကျွန်ုပ်နှင့် ကိုယ်တိုင် မိတ်သဟာရဖွဲ့မှု ရှိခဲ့ပါသည်။ သင်၏ ထာဝရ အသက်တာနှင့် ပန်းတိုင်တို့အပေါ် အကျိုးသက်ရောက် လိမ့်မည်ဖြစ်သည့် ဆုံးဖြတ် ချက်တစ်ရပ်ဖြစ်ပါသည်။ ရွေးချယ်မှုသည် ကျွန်ုပ်တို့အပေါ် မူတည်နေပါသည်။

ဤကမ္ဘာကြီးက ကမ်းလှမ်းသောအရာမှာ ကျွန်ုပ်တို့ ဖြတ်သန်းယုံ ဖြတ်သန်း သွားရမည့် မြေတစ်ကွက်သာဖြစ်ပြီး ကျွန်ုပ်တို့ နေထိုင်ပြီး အနာဂါတ်အတွက် ဆုံးဖြတ်ချက်ချရမည့် နေရာတစ်ခုသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊ သခင်နှင့် မကြာမီ ကြွလာတော့မည့် ဘုရင်အဖြစ် ရှာဖွေ တွေ့ရှိရန် သွားနေရသည့် ဝိညာဉ်ရေးရာခရီးစဉ် တစ်ခုအတွင်း ရှိနေပါသည် (ယော ၁၅း၁၁)။ ယင်းသည် သင်၏ဆန္ဒ အစစ်အမှန် ဖြစ်မည်ဆိုပါက အောက်ပါ ဆုတောင်းချက်ကို ခရစ်တော်နှင့် ကိုယ်တိုင် မိတ်သဟာရဖွဲ့မှုအတွက် ဆုတောင်း ပါ။ ယင်းသည် ကြီးမြတ်တော်မူသော ဘုရားသခင်နှင့် ထာဝစဉ်မိတ်ဖွဲ့မှု တစ်ရပ် အတွက် တံခါး ဖြစ်ပါသည်။

## က။ ဘုရားသခင်နှင့် တိုက်ရိုက်မိတ်သဟာရပြု ဆုတောင်းခြင်း

အိုႉ ႉ ႉ ထာဝရဘုရားသခင်

အကျွန်ုပ်သည် အပြစ်သားတစ်ယောက်ဖြစ်ပါသည်။ အကျွန်ုပ်၏ လောကီ အလိုအတိုင်း မွေ့လျော်လျက် အသက်ရှင်ခဲ့ပါသည်။ ယနေ့တွင် ကိုယ်တော့်အား အကျွန်ုပ်၏ ကယ်တင်ပိုင်ရှင်သခင်အဖြစ် ယုံကြည်လက်ခံလိုပါသည်။ ကိုယ်တော် သည် လက်ဝါးကားတိုင်းပေါ်၌ အသွေးသွန်းအသက်စွန့်လျက် အကျွန်ုပ်အပြစ်၏

# ဝိညာဉ်ရေးရာခရီးပြုခြင်း

အဖိုးအခအတွက် ပေးဆပ်ခဲ့သောကြောင့် ယနေ့ အကျွန်ုပ်သည် ထာဝရအသက်ကို ရရှိပြီဟု ယုံကြည်လက်ခံပါသည်။ အကျွန်ုပ်၏ လောကီအသက်ရှက်မှု အသက်တာမှ ကိုယ်တော်ထံပါးသို့ တိုးဝင်ချဉ်းကပ်ရန် အသင့်ဖြစ်နေပါပြီ။ အကျွန်ုပ်၏ စိတ်ဝိညာဉ်နှလုံးသားနှင့် အသက်တာအားလုံးကို ကိုယ်တော် လမ်းပြသွန်သင်တော် မူပါရန် ယနေ့ ခေါ်ဖိတ်လိုပါသည်။ ခရစ်တော်၏ တပည့်တော်စစ်ဖြစ်လျက် အခြား သူများကိုလည်း အစေခံသောသူဖြစ်စေတော်မူပါ။ အကျွန်ုပ်၏ အပြစ်ကြောင့် ရရှိမည့် သေခြင်းတရားမှ အကျွန်ုပ်အား ကယ်နုတ်တော်မူ၍ ထာဝရအသက်ကို ပေးသောကြောင့် ကျေးဇူးတင်ပါ၏။ ဘုရားသခင်နှင့် တိုက်ရိုက်မိတ်သဟာရပြု ဆုတောင်းခြင်းအခွင့်ကို ရသောကြောင့်လည်း ကျေးဇူးတင်ပါသည်။ အာမင်။

**ခ။ လက်ကမ်းကြိုဆိုခြင်း**

သင်သည် ပထမအဆင့်ကို လုပ်ဆောင်ပြီးဖြစ်ပါသည်။ ဤကမ္ဘာပေါ်တွင် သင်၏ ကျန်သော ခရီးစဉ် တစ်လျှောက်လုံးတွင် ခရစ်တော်သည် သင်နှင့်အတူ လျှောက်လှမ်းပြီး သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်စေလိမ့်မည်ဖြစ်ပြီး ထာဝစဉ် **သူ**နှင့်အတူ စိုးစံရပါလိမ့်မည်။

**ဂ။ တပည့်တော်၏အသက်တာပုံစံ**

**သမ္မာကျမ်းစာ၊**

ကျမ်းစာကို နေ့စဉ်ဖတ်ရှုလေ့လာရမည်။ (၂ တိ ၃း ၁၄-၁၇)

**ဆုတောင်းခြင်း၊**

ခရစ်တော်၏ အလိုတော်နှင့် အခြားသူများအတွက် ဉာဏ်ပညာကို ရရှိရန်။ (ဖိ ၄း၆-၇)

# ဝိညာဉ်ရေးရာခရီးပြုခြင်း

**သက်သေခံခြင်း၊**

သင်၏ ခရစ်တော်အပေါ် ယုံကြည်ခြင်းကို ဝေငှပြီး အခြားသူများကို ဘုရား သခင်၏ မေတ္တာတော်အကြောင်း ပြောပါ။ ရေ၌ နှစ်ခြင်းသည် ပထမဆုံး လုပ်ရန် နည်းလမ်းဖြစ်ပါသည်။ (၁ ပေ ၃း၁၅-၁၆)

**မိတ်သဟာရဖွဲ့ခြင်း၊**

အခြားသောယုံကြည်သူများနှင့် ဝတ်ပြုကိုးကွယ်ခြင်း၊ ပွဲတော်ဝင်စားခြင်းနှင့် ပေးကမ်းခြင်းအရာတို့၌ အတူတကွ ပါဝင်လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်နှင့် သင်၏ မိတ်သဟာရဖွဲ့မှု ခွန်အားကိုပြည့်ဝစေမည်။ (ဟေဗြဲ ၁၀း ၂၄-၂၅)

**လျှောက်လှမ်းခြင်း၊**

သင်၏ နေ့စဉ်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုဖြင့် ပြည့်ဝစေပါ။ (ယော ၁၄း ၂၆၊ တ ၂း၃၈)

**အသီး၊**

ရင့်ကျက်မှု လမ်းခရီးကို လျှောက်လှမ်းသွားနေစဉ် နေ့စဉ်ကြီးထွားပါ။ သို့မှသာ တာရှည်ခံသော အသီးကို သင် သီးနိုင်ပါလိမ့်မည်။ (ယော ၁၅း ၁၁)

**မျိုးစေ့ကြဲခြင်း၊**

မဟာစေစားခြင်းအတွက် အခေါ်ခံရခြင်းကို ဘုရားရှင်၏ ဘုန်းတော် အတွက်သွား၍ စိုက်ပျိုးပြီး ရိတ်သိမ်းခြင်းဖြင့် ပြည့်စုံစေပါ။ မျိုးစေ့သည် ခရစ်တော်၏ ဧဝံဂေလိသတင်းကောင်းဖြစ်ပါသည်။ သင် အခမဲ့ရရှိထားသောအရာကို သွား၍ အခြားသူများအား ပြောပါ။ ပေးပါ။ (မ ၂၈း ၁၉-၂၀၊ မာ ၁၆း၁၅-၁၈)

## ပြန်လည်သုံးသပ် ရေးမှတ်ရန်

## ပြန်လည်သုံးသပ် ရေးမှတ်ရန်

## ပြန်လည်သုံးသပ် ရေးမှတ်ရန်

## ပြန်လည်သုံးသပ် ရေးမှတ်ရန်